# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၆၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထားဝယ်တိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့ တည်ရှိနေအောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်

သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
ပေးပို့သည့် သဝဏ်လွှာ

**ချစ်ခင်လေးစားအပ်ပါသော ထားဝယ်တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား–**

ယနေ့ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားတွင် ထားဝယ်တိုင်းရင်းသားများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၀၁၇ ခုနှစ်မှစတင်၍ နှစ်စဉ် နတ်တော်လဆန်း(၁) ရက်နေ့တွင် ထားဝယ်လူမျိုးစုစည်းမှု ကော်မတီ၏ ဦးဆောင်မှုဖြင့် ထားဝယ်အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်မှာ ယခုအခါ သတ္တမအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက်လည်း များစွာ ဂုဏ်ယူမိပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

## ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ Green Zone Area များကိုလည်း ဖော်ဆောင်ပေးရန်လို

နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း အသားဖူလုံရေးအတွက် ဒေသနွားနှင့် နို့စားနွား၊ ဒေသကျွဲနှင့် နို့စားကျွဲ၊ ဝက်၊ ဆိတ်၊ သိုး၊ ဥစားကြက်၊ အသားစားကြက်၊ တိုင်းရင်းကြက်၊ ဘဲ၊ မန်ဒါလီ၊ ငုံးများ မွေးမြူထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများအလိုက် မျိုးခြံများ ဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ပစ္စည်းထုတ်လုပ်နိုင်မှု၊ အစာစပ် စက်ရုံများမှ အစာများထုတ်လုပ်ပေးလျက်ရှိမှု၊ မွေးမြူရေးဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး၊ ပုစွန်၊ ဂဏန်း မွေးမြူထားရှိမှု၊

*စာမျက်နှာ ၄ ကော်လံ ၁* ❍

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးအောင်လင်းဦး၏ ရွှေဘဲ(အသားတိုးဘဲ) မွေးမြူရေးခြံ၌ မွေးမြူထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံနှင့် ပြည်သူအကျိုးစီးပွား စာပေစွမ်းပကားဖြင့် မြှင့်တင်

စာပေနှင့်ပတ်သက်လျှင် မြန်မာတို့က "အလိမ္မာစာမှာရှိ"ဟူ၍ စွဲမှတ်ကြသည်။ အင်းဝခေတ် စာဆိုအကျော်အမော် ရှင်မဟာရဋ္ဌသာရ ဆရာတော်၏ဆုံးမစာတွင် "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ မိုက်မှားခဲ့စွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်။" ဟူ၍ပါရှိရာ စာပေသည် စာဖတ်သူတို့အား ယခုပစ္စုပ္ပန်နှင့် နောင်သံသရာအကျိုးကို ဆောင်ကြဉ်းပေးနိုင်သည်ဟု ရှေးကပင်ယုံကြည်ခဲ့ကြသည့် သာဓကတစ်ခုပင်ဖြစ်သည်။

စာကောင်းပေမွန်တို့က လူတစ်ဦးချင်းစီနှင့်တကွ လူ့လောကလူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်ပါ ကောင်းရာကောင်းကျိုးဖြစ်စေနိုင်သည်။ မကောင်းမှုတို့ကို ဖယ်ရှား၍ ကောင်းမှုတို့ ထွန်းကားလာစေရန်လည်း လမ်းညွှန်နိုင်သည်။ စင်စစ် စာကောင်းပေမွန်ဟူသည် စာပေပညာရှင်တို့၏ အမွန်အမြတ်ဖြစ်သော စိတ်နှလုံးမှထွက်ပေါ်လာခြင်းဖြစ်ရာ စာပေပညာရှင်တို့သည် အမှောင်ကို လင်းစေသူ၊ အမှန်နှင့်အမှား၊ ကောင်းမှုနှင့် မကောင်းမှု၊ အကျိုးနှင့် အပြစ်၊ ဓမ္မနှင့် အဓမ္မတို့ကို ကွဲပြားစေသူတို့ပင်ဖြစ်သည်။ စာကောင်းပေမွန်တို့သည် စာဖတ်သူတို့အား သုတကိုလည်းကောင်း၊ ရသကိုလည်းကောင်း ပေးပြီး ဦးနှောက်အာဟာရ၊ နှလုံးသားအာဟာရတို့ကို ဖြည့်တင်းပေးနိုင်သည့် သြဇာဓာတ်များပါရှိနေရာ စာပေပညာရှင်များ တစ်နည်းအားဖြင့် စာဆိုများ၏ လူ့ဘောင်လောကအပေါ် ပြုကြသည့်ကျေးဇူးများပါ ကြီးမားသည့်အလျောက် ဂုဏ်ပြုခံထိုက်သူများပင်ဖြစ်သည်။

မြန်မာပြက္ခဒိန်မှ နတ်တော်လသည် ရှေးမြန်မာဘုရင်များလက်ထက်တွင် ဖြဟ္မဏအယူဝါဒလာနတ်မင်းကို ပူဇော်သည့်လဟူ၍လည်းကောင်း၊ ဆင်ဖမ်းသည့်လဟူ၍လည်းကောင်း၊ ထူးချွန်သည့်ပညာရှင်များ၊ စာဆိုတော်များကို ဂုဏ်ပြုပူဇော်ချီးမြှင့်သည့်လဟူ၍လည်းကောင်း စာပေမှတ်တမ်းများတွင် တွေ့ရှိရသည်။ မြန်မာလအလိုက် ကျင်းပကြသည့် ရှေးကပွဲတော်များသည် ခေတ်ကာလနှင့် မလျော်ညီတော့ဘဲ ပျောက်ကွယ်သွားသည်များလည်းရှိရာ ရှေးခေတ်က နတ်တော်လတွင် ကျင်းပခဲ့သည့်ပွဲများမှာ နှောင်းခေတ်တွင် ပျောက်ကွယ်သွားကြသည်။ စာပေပညာရှင်စာဆိုတော်များကို ဂုဏ်ပြုချီးမြှင့်သည့် စာဆိုတော်ဂုဏ်ပြုပွဲမှာမူ ဒုတိယကမ္ဘာစစ်ကာလတွင် ပြန်လည်ပေါ်ထွန်းလာခဲ့ပြီး ရှေးကအစဉ်အလာကို ပြန်လည်ဖော်ထုတ်ကာ နတ်တော်လဆန်း ၁ ရက်ကို "စာဆိုတော်နေ့" ဟူ၍ ကျင်းပခဲ့ကြသည်။ ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် စတင်ကျင်းပခဲ့သည့် စာဆိုတော်နေ့သည် ယခုနှစ်တွင် နှစ်ပေါင်း ၈၀ တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။

မျက်မှောက်ကာလတွင် စာပေကိုပြုစုရေးသားကြသည့် စာပေပညာရှင်ကြီးများအား အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပုဂ္ဂလိကစာပေဆုများဖြင့် နိုင်ငံတော်အစိုးရနှင့်တကွ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များက အားပေးချီးမြှောက်ဂုဏ်ပြုလျက်ရှိသည်။ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုဖြစ်ပြီး အမျိုးသားစာပေမှာ နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်ဟု ဆိုနိုင်သည်။ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတစ်ဝန်းအေးချမ်းသာယာရေး၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်ရေးနှင့် အတွေးအခေါ်အယူအဆများ မှန်ကန်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံနှင့်လူမျိုးကို ပျက်စီးစေမည့် အဖျက်လုပ်ရပ်များကို ဆန့်ကျင်ရေးတို့ လိုအပ်လျက်ရှိရာ နိုင်ငံနှင့် ပြည်သူအကျိုးစီးပွားအတွက် စာပေပညာရှင်တို့၏ စာပေစွမ်းပကားဖြင့်မြှင့်တင်၍ စာပေတာဝန်ကျေပွန်ကြရပါမည့်အကြောင်း။ ။

## တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၃၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁ - ၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား |
|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၀၉၅ | ၃၀၇၀ | ၃၀၂၅ | ၃၁၀၀ | ၃၁၁၀ | ၃၀၂၅ | ၃၀၇၅ | ၄၅၀၅ |
| 95 Ron | ၃၁၈၀ | ၃၂၆၅ | ၃၂၄၀ | ၃၁၉၀ | ၃၂၆၅ | ၃၂၇၅ | ၃၂၉၀ | ၃၂၄၅ | ၄၅၆၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၁၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | - |
| HSD (50 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၆၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | ၄၈၃၀ |
| HSD (10 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၆၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | - |

| Fuel (လက်လီဈေးနှုန်း) | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၄၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၃၅ | ၃၁၂၀ | ၃၁၃၅ | ၃၅၆၀ | ၃၉၅၀ |
| 95 Ron | ၃၄၀၀ | ၃၂၅၀ | ၃၂၇၀ | ၃၃၀၀ | ၃၂၉၀ | ၃၃၀၀ | ၃၇၀၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၁၈၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | - |
| HSD (10 ppm) | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၈ | ၂၉၄၉ |
| 95 Ron | ၃၀၂၀ | ၃၁၁၄ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၈၉ |
| HSD (50 ppm) | ၃၁၂၅ | ၃၂၁၇ |
| HSD (10 ppm) | ၃၁၂၅ | ၃၂၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဆွေ၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

- **ထားဝယ်ဒေသသည် အခြားဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်း၊ ရေလမ်းများဆုံရာနေရာတွင် တည်ရှိ**
- **ထိုကဲ့သို့ စီးပွားရေးအရအချက်အချာကျသည့် နေရာဖြစ်ခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ဒေသအဖြစ်တည်ရှိနေ**
- **ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသခံထားဝယ်လူမျိုးတို့မှ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်လို**

*✪ရှေ့ဖုံးမှ*

မြန်မာနိုင်ငံတွင် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျရောက်ခဲ့ချိန်တွင်လည်း ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် အခြားသောမျိုးချစ်တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစွာတည်ရှိမှုကို သက်သေပြသနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ထားဝယ်လူမျိုးတို့၏ နိုင်ငံတော်လွတ်လပ်ရေး ရရှိရန်အတွက် စွန့်လွှတ်အနစ်နာခံစိတ်များဖြင့် အခြားသောမျိုးချစ်တိုင်းရင်းသားများနှင့်အတူ အသက်ခန္ဓာကိုမငဲ့ကွက်ဘဲ ပါဝင်တိုက်ပွဲဝင်ခြင်းဖြင့် ပြည်ထောင်စုသားများ၏ သွေးချင်းနီးစပ်မှုကို ပြသနိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှေးဘိုးဘွားတို့ ထားရစ်ခဲ့သည့် လွတ်လပ်ရေးအမွေကို ထပ်မံမဆုံးရှုံးစေရေးအတွက် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးတို့က တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ ထက်သန်နေအောင် တည်ဆောက်နေကြရမည်ဖြစ်ပါသည်။

ထားဝယ်တိုင်းရင်းသားတို့အနေဖြင့်လည်း အခြားသော မြန်မာတိုင်းရင်းသားတို့နည်းတူ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုတွင် တူညီမှုရှိပါသည်။ ထိုဗုဒ္ဓဘာသာကိုအခြေခံသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ထားဝယ်လူမျိုးတို့အနေဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါသည်။ ထိုကဲ့သို့ ထားဝယ်တိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့တည်ရှိနေအောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ကြရန် လိုပါသည်။

ထားဝယ်ဒေသသည် မြန်မာနိုင်ငံတောင်ပိုင်းတွင် တည်ရှိပြီး ပင်လယ်ကမ်းရိုးတန်းနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ပေါကြွယ်ဝသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများနှင့် အခွင့်အလမ်းကောင်းများဖြင့် ပြည့်စုံသည့် ဒေသဖြစ်ပါသည်။

ထားဝယ်ဒေသသည် အခြားဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်း၊ ရေလမ်းများဆုံရာနေရာတွင် တည်ရှိပါသည်။ ထိုကဲ့သို့ စီးပွားရေးအရအချက်အချာကျသည့် နေရာဖြစ်ခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ဒေသအဖြစ် တည်ရှိနေပါသည်။ ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသခံထားဝယ်လူမျိုးတို့မှ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုပါသည်။

ယနေ့အချိန်အခါတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ကောင်းမွန်လာစေရေးအတွက် အခြေခံအုတ်မြစ်များ ခိုင်မာစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အားပေးထောက်ခံပြီး ပြည်ထောင်စုအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။ ထားဝယ်လူမျိုးတို့အနေဖြင့် ထားဝယ်ဒေသရှိစီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများကိုအခြေပြုပြီး ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားအကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။

ထားဝယ်လူမျိုးတို့အနေဖြင့် သမိုင်းစဉ်ဆက် ဂုဏ်ယူဖွယ်ရာ ကောင်းမွန်ခဲ့သည့် သမိုင်းမှတ်တမ်းများကို ဆက်လက်ထိန်းသိမ်းပြီး မှတ်ကျောက်တင်ခံနိုင်မည့် သမိုင်းအသစ်များကို ဆက်လက်ရေးထိုးကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ထားဝယ်ဒေသရှိ ရှိရင်းစွဲအရင်းအမြစ်များကို မှန်ကန်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်၍ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်ရင်း ထားဝယ်အမျိုးသားနေ့ကို ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**

## လူထုသိပ္ပံကျမ်း အတွဲ (၈) နှင့် အတွဲ (၉) စာအုပ်များ ထုတ်ဝေဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

သိပ္ပံပညာသည် အသိဉာဏ်မည်သည်။ သိပ္ပံပညာရပ်များသည် ပညာရပ်အလိုက် လူကိုအသိဉာဏ်ပေးကြသည်။ လူ့ဘဝတွင် နေ့စဉ်နှင့်အမျှ ပြဿနာများနှင့် ကြုံတွေ့ရသည့်အခါ ဖြေရှင်းရန်အတွက် အသိဉာဏ်ကို အသုံးပြုရသည်။ ထိုအသိဉာဏ်များ တိုးတက်ပွားများစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) သည် “လူထုသိပ္ပံကျမ်းတွဲများ” ကို ဘာသာပြန်ဆို ထုတ်ဝေခဲ့ရာ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း လူထုသိပ္ပံကျမ်း အတွဲ (၁) မှ အတွဲ (၉) အထိ ထုတ်ဝေခဲ့သည်။

ထိုခေတ်အခါက လူထုသိပ္ပံကျမ်းများကို ယနေ့ခေတ် ပြည်သူလူထု သိရှိလေ့လာနိုင်ရန် အလို့ငှာ စာပေဗိမာန်က ပြန်လည်ထုတ်ဝေလိုက်ပါသည်။ ထိုစဉ်က ဝေါဟာရအသုံးအနှုန်းများနှင့် အသံဖလှယ်မှု (Transliteration) ပညာရပ်ကို မျိုးဆက်သစ်များ ဗဟုသုတရစေရန်အတွက် စာလုံးပေါင်းသတ်ပုံများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်သည်မှအပ စကားလုံးအများစုကို မူရင်းအတိုင်း ပြန်လည်ဖော်ပြထားသည်။

လူထုသိပ္ပံကျမ်း အတွဲ(၈)တွင် ကြယ်များနှင့် နဂါးငွေ့များ၊ သတ္တုမဟုတ်သည့် ဒြပ်စင်များ၊ ဖန်တီးဆင့်ကဲဖြစ်လာခြင်း၊ သစ်တောမှ အပင်များ၊ ပင်လယ်စစ်သားများ၊ ကျွန်ုပ်တို့၏ သွေးလှည့်အဖွဲ့၊ အစာကြောင့် ကိုယ်တွင်းအဆိပ်သင့်ခြင်း၊ အီလက်ထရွန်နစ်၊ ဂူများမှ မိုးထိုးအဆောက်အအုံများသို့ စသည်တို့၏အကြောင်းကို စာစုပေါင်း ကိုးခုဖြင့်လည်းကောင်း၊ လူထုသိပ္ပံကျမ်း အတွဲ (၉) တွင် စကြဝဠာ၊ ကမ္ဘာမြေ၊ ဘဝအကြောင်းရပ်၊ ကမ္ဘာ့အပင်၊ ကမ္ဘာ့တိရစ္ဆာန်၊ လူ၊ ကျန်းမာရေး၊ ဒြပ်နှင့် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ စက်မှုလက်မှု၊ အတ္ထုပ္ပတ္တိများ၊ အိမ်တွင်းသိပ္ပံဟူ၍ သိပ္ပံပညာ သုတေသနလုပ်ငန်းများကို စာစုပေါင်း ၁၂ ခုဖြင့်လည်းကောင်း ဖော်ပြထားသည်။

“လူထုသိပ္ပံကျမ်း” အတွဲ (၈) နှင့် အတွဲ (၉) စာအုပ်များကို ၁၉၅၈ ခုနှစ်တွင် မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း (စာပေဗိမာန်)က ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ယခုအခါတွင် စာပေဗိမာန်က စာပေချစ်ပရိသတ်များသိရှိလေ့လာနိုင်ရန် ဒုတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ် ထုတ်ဝေခြင်းဖြစ်သည်။

“လူထုသိပ္ပံကျမ်း” အတွဲ (၈) စာအုပ်တွင် စာမျက်နှာ ၂၄၄ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့်လည်းကောင်း၊ “လူထုသိပ္ပံကျမ်း” အတွဲ (၉) စာအုပ်တွင် စာမျက်နှာ ၂၈၀ ပါဝင်ပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့်လည်းကောင်း ရန်ကုန်မြို့ အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆လမ်း၊ ၂၁လမ်းနှင့်၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၌ မွေးမြူထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

❍ *ရှေ့ဖုံးမှ*

ရွှေမုယင်းဒေသရှိ ငါးမွေးမြူရေးကန်များနှင့် ငါးထုတ်လုပ်နိုင်မှု၊ တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ တွံတေးမွေးမြူရေးဇုန်အား အပိုင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူထုတ်လုပ်လျက်ရှိမှု၊ ရေရရှိရေးဆောင်ရွက်ပေးထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရရှိရေးသည်အဓိကကျပြီး ဇုန်များအလိုက်ရှိ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သည့် ရေပမာဏပေးဝေနိုင်ရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာနှင့်ပတ်သက်၍လည်း ဇုန်များအလိုက် ရပ်ဝေးမှ မှာယူမည်ဆိုပါက ကုန်ကျစရိတ်များ ပိုမိုများပြားနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ နည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သဖြင့် ဇုန်များအလိုက် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်သကဲ့သို့ Green Zone Area များကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် မြက်နှင့်အရိပ်ရ လေကာပင်များကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ဇုန်များအလိုက် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသန္တရမွေးမြူခြင်း မဖြစ်စေလိုဘဲ စီးပွားဖြစ်စနစ်တကျ မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ လှောင်မွေးသည့် စနစ်ဖြစ်သဖြင့် တိရစ္ဆာန်များအတွက် လိုအပ်သည့်ရေနှင့်အစာများကို အပြည့်အဝကျွေးမွေးနိုင်ရန်လိုကြောင်း၊ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဖော်ဆောင်သွားရန်လိုပြီး မည်ကဲ့သို့မွေးမြူမည်၊ ထုတ်ကုန်များအား ကုန်ချောအဆင့်သို့ မည်ကဲ့သို့ထုတ်လုပ်မည်၊ ရေရှည်အကျိုးစီးပွားနှင့် စဉ်ဆက်မပြတ်သည့် ထုတ်လုပ်မှုဖြစ်စေရေး မည်ကဲ့သို့ဆောင်ရွက်မည်ကို စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Base Industry) ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့်စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။

**အသားဖူလုံမှုကိုအတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်သည်ကိုတွေ့ရှိရ**

မွေးမြူရေးဇုန်များအလိုက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများ၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်တွက်ချက် ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများအရ ရန်ကုန်တိုင်းဒေသကြီး၏ အသားဖူလုံမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်သည်ကိုတွေ့ရှိရပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

**❒ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုရရှိနေသည်၊ အထွက်နှုန်းကောင်းနေသည်ကို ကျေနပ်နေ၍မရဘဲ မြေပြင်လက်တွေ့၌ အမှန်တကယ် အောင်မြင်မှုရှိရန်လို၊ ထို့ကြောင့် သက်ဆိုင်ရာဌာနအလိုက်မှ တာဝန်ရှိသူများအနေဖြင့် မြေပြင်အချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များ တူညီမှုရှိစေရေး ဆောင်ရွက်ကြရန်လို၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးဟူ၍ရှိပြီး စားရေးသည် အဓိကအရေးကြီးသည့် အချက်ဖြစ်၊ အူမတောင့်မှ သီလစောင့်မည်ဖြစ်သဖြင့် မိမိတို့ အုပ်ချုပ်သူအစိုးရ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ စားရေးတွင် ဖူလုံမှုရှိစေရေး၊ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့်ရရှိရေး၊ ပတ်ဝန်းကျင်ကောင်းရရှိစေရေး ဖြေရှင်းဆောင်ရွက်ပေးရမည်**

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူ ဖြစ်စေနိုင်မည်**

ရေအရင်းအမြစ်များတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ ဟူ၍ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေကို မဖြစ်မနေရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နိုင်ငံတကာတွင် အောင်မြင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါကလည်း ရေသည် အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုရရှိနေသည်၊ အထွက်နှုန်းကောင်းနေသည်ကို ကျေနပ်နေ၍မရဘဲ မြေပြင်လက်တွေ့၌ အမှန်တကယ် အောင်မြင်မှုရှိရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနအလိုက်မှ တာဝန်ရှိသူများအနေဖြင့် မြေပြင်အချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များ တူညီမှုရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးဟူ၍ရှိပြီး စားရေးသည် အဓိကအရေးကြီးသည့် အချက်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံ၌ မွေးမြူထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်ရှင်းလင်းဆောင်ခဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

*စာမျက်နှာ ၄ မှ*

အုမတောင့်မှ သီလစောင့်မည်ဖြစ်သဖြင့် မိမိတို့ အုပ်ချုပ်သူအစိုးရတာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ စားရေးတွင် ဖူလုံမှုရှိစေရေး၊ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့်ရရှိရေး၊ ပတ်ဝန်းကျင်ကောင်းရရှိစေရေး ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးစိုးအောင်၏ ဆိတ်မွေးမြူရေးခြံ၊ ဦးအောင်လင်းဦး၏ ရွှေဘဲ (အသားတိုးဘဲ)မွေးမြူရေးခြံ၊ ဦးဇာရား၏ ဥစားဘဲမွေးမြူရေးခြံ၊ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၊ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံနှင့် ဒေါ်လဲ့ရည်ဝင်း၏ ဝက်မွေးမြူရေးခြံတို့အား လှည့်လည်ကြည့်ရှု၍ မွေးမြူရေးခြံအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေး အကြံပြုပြောကြားခဲ့သည်။

### မွေးမြူရေးဇုန်အတွင်း လှောင်မွေးစနစ်ဖြင့် စတင်မွေးမြူခြင်းဖြစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်ရှင်းလင်းဆောင်ခဲ့ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ယခုအခါ မွေးမြူရေးဇုန်အတွင်း လှောင်မွေးစနစ်ဖြင့် စတင်မွေးမြူခြင်းဖြစ်ကြောင်း၊ ခေတ်မီမွေးမြူရေးစနစ်သို့ ရောက်ရှိရဦးမည်ဖြစ်သော်လည်း စနစ်တကျမွေးမြူနိုင်သည့်စနစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မွေးမြူရေးဇုန် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည်မှာ တစ်နှစ်ကျော် ကာလခန့်မျှသာ ရှိသည်ဖြစ်သော်လည်း "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လှောင်မွေးစနစ်ဖြင့် မွေးမြူခြင်းဖြစ်သဖြင့် အစာ၊ ရေနှင့် အခြားလိုအပ်ချက်များ ပြည့်ဝစွာရရှိစေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဒေါ်လဲ့ရည်ဝင်း၏ ဝက်မွေးမြူရေးခြံ၌ မွေးမြူထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန်အား ရန်ကုန်တိုင်းဒေသကြီး အတွင်းနေထိုင်ကြသော ပြည်သူလူထုသက်သာချောင်ချိရေးနှင့် အာဟာရပြည့်ဝသည့် စားသောက်ကုန်များ စားသုံးနိုင်ရေး သားငါးထုတ်လုပ်မှုလုံလောက်မှုရှိစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း မြေဧရိယာ ၅၈၁ ဒသမ ၅၄ ဧကပေါ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မွေးမြူရေးဇုန်အား အပိုင်း သုံးပိုင်းခွဲခြား၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ဇုန်များအလိုက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ငုံး၊ ဘဲ များကို မွေးမြူထားရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရရှိစေရေး တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရမှလည်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြား လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံတက္ကသိုလ်၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အပါအဝင် မြို့နယ် ၁၇မြို့နယ်တို့၌လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များက အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်များ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စာသင်ကျောင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

အလားတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအသင်းများလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများ ဖေယျာသီရိ အားကစားကွင်းအတွင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဖေယျာသီရိအားကစားကွင်း (B) ရှိ အမျိုးသား/အမျိုးသမီး ဘော်လီဘောအသင်းနှင့် ပိုက်ကျော်ခြင်းအသင်းတို့၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးရာ အသင်းအုပ်ချုပ်သူနှင့် နည်းပြများက ပြိုင်ပွဲဝင် အားကစားသမားများ စုဖွဲ့လေ့ကျင့်မှုအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့ ဆောင်ရွက်ပေးနိုင်မှုအခြေအနေနှင့် ပြိုင်ပွဲယှဉ်ပြိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖေယျာသီရိ ဘောလုံး အားကစားကွင်းအတွင်း အမျိုးသား ဘောလုံးအသင်းနှင့် ပြေးခုန်ပစ် အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် အားကစားသမားများ အနေဖြင့် အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ် အပြည့်ဖြင့် နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်မည့် ဌာနဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်အောင် အလေးထား ကြိုးစားကြရန်၊ တရားသော ယှဉ်ပြိုင်နည်းဖြင့် ယှဉ်ပြိုင်ကြရန်၊ လေ့ကျင့်မှုများကို ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် လေ့ကျင့်ကြရန်၊ ပြိုင်ပွဲကာလ နီးကပ်လာ၍ ကျန်းမာကြံ့ခိုင်မှု ပြည့်ဝနေစေရေး ဂရုစိုက်နေထိုင်ကြရန်၊ အားကစားဖြင့် နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရန်မှာကြားပြီး အားကစားသမားများကို အင်အားဖြည့်အစားအစာများ (ဝဲပုံ) နှင့် ချီးမြှင့်ငွေ ပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဘောလုံး (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)နှင့် ဂေါက်သီးရိုက် (အမျိုးသား) အားကစားနည်း ခြောက်မျိုးကို အားကစားသမား ၁၃၃ ဦးဖြင့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၀၂၄)ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၂၀၂၄) ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခုခံကျ/ကာလသား ရောဂါတိုက်ဖျက်ရေး ဌာနစိတ်သည် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅)တွင်ပါရှိသည့် ဦးစားပေးနည်းဗျူဟာ (၅)ရပ်နှင့်အညီ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ အေအာတီဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူရန် နှစ်စဉ်ဘဏ္ဍာငွေများ တိုးမြှင့် ချထားပေးလျက်ရှိရာ အေအာတီဆေး ကုသခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်မှုကြောင့် အိပ်ချ်အိုင်ဗွီပိုးရှိ လူနာများသည် သက်တမ်းစေ့နေလာနိုင်ပါကြောင်း။

သွားလာရခက်ခဲသော နေရာများမှ လူနာများအတွက်လည်း ဆေးပြတ်လပ်မှုမရှိအောင် ဆေးနှင့် ဆေးပစ္စည်းများ ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အေအာတီဆေးသောက်သုံးနေသူများ၏ တစ်ဦးချင်း အချက်အလက်များ မှတ်တမ်းတင်ခြင်း၊ လစဉ်အစီရင်ခံစာများ ပေးပို့ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းစာရင်းများမှတ်တမ်းတင်ခြင်း၊ တွက်ချက်ခြင်းတို့ကို အီလက်ထရွန်နစ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် "ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့" ဆောင်ပုဒ်ဖြစ်သည့် "Take the rights path" "အေအိုင်ဒီအက်စ် ကင်းဝေးဖို့၊ သာတူညီမျှအလေးပေးလို့ အားလုံးဝိုင်းဝန်းပံ့ပိုးစို့" ဆိုသည့်အတိုင်း အိပ်ချ်အိုင်ဗွီ ကာကွယ်ရေးလုပ်ငန်းများကို လက်လှမ်းမီရန် ခက်ခဲသော ဦးတည်အုပ်စုဝင်များ အပါအဝင် အိပ်ချ်အိုင်ဗွီ ကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်း သာတူညီမျှ လက်လှမ်းမီရရှိရန်အတွက် ဦးတည်အုပ်စုဝင်များ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများ အပါအဝင် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်းတင်ဗီဒီယိုအား ပြသခြင်း၊ တော်ဝင်ခရေအဖွဲ့ အလုပ်အမှုဆောင်ဥက္ကဋ္ဌက အိပ်ချ်အိုင်ဗွီပိုးနှင့် နေထိုင်သူများကိုယ်စား အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက အထိမ်းအမှတ်ပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်သူလူထုအခြေပြု ကွန်ရက်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၁၁ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီပိုးရှိလူနာ လေးသောင်းခန့်ကိုသာ အေအာတီဆေးဖြင့် ကုသမှုပေးနိုင်ခဲ့ရာမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်အထိ ရရှိထားသော စာရင်းဇယားများအရ လူနာ နှစ်သိန်းတစ်သောင်းငါးထောင်ကျော်ထိ ကုသမှုပေးနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးဆအထိ တိုးမြှင့်ကုသပေးနိုင်ကြောင်း၊ အိပ်ချ်အိုင်ဗွီကူးစက်ခံရမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အမြင့်ဆုံးဖြစ်ပွားခဲ့ပြီး အသစ်ကူးစက်မှု လူသုံးသောင်းနီးပါးရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် လူတစ်သောင်းလေးရာကျော်ရှိရာ သုံးပုံတစ်ပုံခန့်အထိ ကျဆင်းလာကြောင်း သိရသည်။ **သတင်းစဉ်**

# ဖျာပုံမြို့ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး လက်တွေ့သရုပ်ပြလေ့ကျင့်

**ဖျာပုံ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ယနေ့မွန်းလွဲပိုင်းက ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသီဟန်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မဈေးကြီးမှ ဈေးတာဝန်ခံများနှင့် ဈေးသူ ဈေးသားများပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင်မြို့မဈေးကြီး၌ ဆီမီးလောင်မှုကို အောက်ဆီဂျင်ဖြတ်တောက် မီးငြှိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်နည်းစသည့် မီးငြှိမ်းသတ်နည်းအမျိုးမျိုးကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဈေးသူ ဈေးသားများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်သူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၉ ရက်တွင် ပဲခူးမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ မီးဘေးအန္တရာယ်စိုးရိမ်ရသည့် နေရာများနှင့် သိုလှောင်ရုံများ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် သတိပေးနှိုးဆော်ခြင်း ဆောင်ရွက်စဉ်။ နေမျိုးအောင်

# မြန်မာနိုင်ငံ စီးပွားရေးပညာ နှစ်(၁၀၀) ရာပြည့်အလှူရှင်များဂုဏ်ပြုပွဲအခမ်းအနားသို့ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် တက်ရောက်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ် (၁၀၀)” ရာပြည့် အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Aureum Palace Hotel, Lake View Hall ၌ကျင်းပသည်။

ဦးစွာ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ စေတနာသဒ္ဒါတရားထက်သန်စွာဖြင့် လှူဒါန်းပေးခဲ့ကြသည့် စီးပွားရေးတက္ကသိုလ်များမှ စီးပွားရေးဘွဲ့ရလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ငွေကြေးများလှူဒါန်းကြသကဲ့သို့ ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်းများ စီစဉ်ပေးခဲ့သည့် ဟိုတယ်လုပ်ငန်းရှင်များနှင့် ဘဏ်လုပ်ငန်းရှင်များကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက “စီးပွားရေးပညာ နှစ် (၁၀၀)” ရာပြည့် အခမ်းအနားအတွက် ငွေကျပ်သိန်း ၁၀၀ နှင့်အထက် အလှူရှင်ခုနစ်ဦးကိုလည်းကောင်း၊ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက ဆရာကြီး၊ ဆရာမကြီးများနှင့် ဧည့်သည်တော်များကို တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးတို့တွင် ကူညီပံ့ပိုးပေးခဲ့ကြသည့် အလှူရှင်ကိုးဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ငွေကျပ်သိန်း ၂၀ နှင့်အထက် အလှူရှင်ခြောက်ဦးကို လည်းကောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ငွေကျပ် ၁၀ သိန်းနှင့်အထက် အလှူရှင် ခြောက်ဦးကို လည်းကောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကျပ် ငါးသိန်းနှင့်အထက် အလှူရှင်ခြောက်ဦးကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အလှူရှင်များကိုယ်စား အလှူရှင် ဦးဇေယျာသူရမွန် (Zeya & Associates Co.,Ltd.) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိ မြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံအတွင်း၊ အပြင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆေးရုံအတွင်း၊ အပြင်ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ဝန်ပြန်ကျေးရွာရှိ ဘမ်ဘူးဝါးကုန်ထုတ်သမဝါယမ အသင်းလီမိတက်သို့ သွားရောက်၍ အသေးစား အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်မျိုးတူစုအဖွဲ့(နေပြည်တော်) နှင့် တွေ့ဆုံ၍ လက်မှုပစ္စည်းများကို တီထွင်ဆန်းသစ်ပြီး အရည်အသွေးပြည့်ဝသည့် ထုတ်လုပ်မှုစွမ်းအားများ တိုးတက်ကောင်းမွန်လာရန် ကြိုးစားဆောင်ရွက်စေလိုကြောင်း မှာကြားပြီး ဝါးလက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများ၊ ဝါးမှထွက်ရှိသည့် ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်အတွင်းရှိ တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံသို့ ရောက်ရှိစစ်ဆေးပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ စိုက်ပျိုးရေးသုတေသနခြံအတွင်း နေကြာမျိုးစေ့ထုတ်စိုက်ခင်းနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု နှောင်ခမ်းကျေးရွာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရာက်ပြီး အမှာစကားပြောကြား၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေငွေကျပ်သိန်း ၃၀၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်သည့် စက်ရေတွင်းအမှတ်(၁)မှ ဆောင်းသီးနှံ စိုက်ပျိုးရန်အတွက် မြေအောက်ရေဖြင့် တစ်ကွင်းတစ်စပ် စိုက်ပျိုးရေပေးဝေခြင်း လုပ်ငန်းနှင့် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တံတားဦးမြို့နယ်ရှိ ပြူကန် - မြို့သာလမ်း ကတ္တရာခင်း

**တံတားဦး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၇၆ ဒသမ ၈၆ သန်းဖြင့် ပြူကန် - မြို့သာလမ်း လမ်းအရှည် (၀/၄.၅) မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။ ကွင်းဆင်းစစ်ဆေးစဉ် အင်ဂျင်နီယာချုပ် (မြို့ပြ)က ကတ္တရာလမ်းကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## EV သင်တန်းများကိုဖွင့်လှစ်ကာ ကျွမ်းကျင်ပညာရှင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

EV Training of Trainers သင်တန်း (၂/၂၀၂၄) ဆင်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ၌ ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက EV သင်တန်းများကို အရည်အသွေးပြည့်မီစွာ ဖွင့်လှစ်ကာ ကျွမ်းကျင်ပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိကြောင်း၊ သင်တန်းသားများသည် သင်တန်းတွင် မိမိတို့ လေ့လာသိရှိခဲ့သမျှကို သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချရန်၊ ပြန့်ပွားစေရန်သာမက EV သုံးစွဲသည့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ပြည်သူများ၏ လက်ဝယ်အရောက် နည်းပညာများကို ဆက်လက် ဖြန့်ဝေပေးသွားရန်၊ နိုင်ငံတော်က အမှန်တကယ်အားထားရသော အရည်အသွေးပြည့်မီသည့် EV နည်းပညာရှင်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းသို့ ပြင်ပ EV ကုမ္ပဏီများမှ သင်တန်းသား ၁၃ ဦးနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နဝမပုံမှန်အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နဝမပုံမှန်အစည်းအဝေး (၄/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင်များ တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် ကောင်စီဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ A Tech ၄၈၁ ဦး၊ AG Tech ၁၄၅ ဦး၊ AE ၁၃၀၄၀၊ RE ၁၄၄၇၂ ဦး၊ RSE ၄၀၉၂ ဦး၊ PE ၁၂၉၄ ဦး၊ ACPE ၆၂၈ ဦး၊ RLE ၁၂ ဦး၊ RFPE ၁၀ ဦး တို့ကို မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း၌ AE ငါးဦး၊ RE ၁၃ ဦး၊ RSE ၂၂ ဦး၊ PE ၁၆ ဦး၊ A Tech ငါးဦးတို့သည် မှတ်ပုံတင်လက်မှတ်များရရှိရေးအတွက် လျှောက်ထားလာသည်ကို တွေ့ရှိရကြောင်း၊ အင်ဂျင်နီယာ အထူးပြုဘာသာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီအနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း၌ နည်းပညာတက္ကသိုလ် လေးခုမှ အင်ဂျင်နီယာဘွဲ့ သင်တန်း ၂၅ ခုကို အရည်အသွေး စိစစ်အသိအမှတ်ပြုသင်တန်း (Full Accredited Programme) များအဖြစ် စိစစ်ပေးအပ်ခဲ့ခြင်း၊ နည်းပညာတက္ကသိုလ် ကိုးခုတို့မှ သင်တန်းပေါင်း ၅၃ ခုတို့ကို ပဏာမအရည်အသွေးစိစစ်အသိအမှတ်ပြုခြင်း၊ နည်းပညာတက္ကသိုလ်နှစ်ခုမှ သင်တန်းပေါင်း သုံးခုတို့ကို ကြားကာလသင်တန်းများ (Interim Programmes) ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာဘာသာရပ်နှင့် သက်ဆိုင်သည့် အသိအမှတ်ပြုလက်မှတ်များအပြင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူများ၊ နည်းပညာကျွမ်းကျင်သူများကိုလည်း မွေးမြူပေးနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)တို့၌ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးခဲ့သဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဒုတိယဥက္ကဋ္ဌ(၁)က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကောင်စီအတွင်းရေးမှူးက ကောင်စီအဋ္ဌမပုံမှန်အစည်းအဝေး (၃/၂၀၂၄) မှ ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဒုတိယဥက္ကဋ္ဌ(၂)က အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေ၊ လုပ်ငန်းကော်မတီများက ၂၀၂၄ ခုနှစ် ပထမ (၃)လပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အကျဉ်းချုပ်အခြေအနေတို့ကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအသင်း ပျဉ်းမနားမြို့ရှိ ပေါင်းလောင်း အားကစားကွင်းတွင် စခန်းဝင်လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စက်မှုဝန်ကြီးဌာနမှ ဂေါက်သီးရိုက်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစားတို့၌ အားကစားသမား ၂၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းဘွဲ့မြို့နယ် ကစိုကျေးရွာအုပ်စု၌ ထယော်ကော်စာကြည့်တိုက်သစ်ဖွင့်လှစ်

**ဘားအံ နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ်အတွင်း ယခုနှစ်တွင် စာကြည့်တိုက်သစ် ခုနစ်တိုက်တည်ဆောက် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဘားအံခရိုင်တွင် စာကြည့်တိုက်ငါးတိုက် ဖွင့်လှစ်ရန် လျာထား ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက စတုတ္ထမြောက်စာကြည့်တိုက်သစ် ဖွင့်ပွဲအနေဖြင့် လှိုင်းဘွဲ့မြို့နယ် ကစိုကျေးရွာအုပ်စု ထယော်ကော်စာကြည့်တိုက်သစ်ဖွင့်ပွဲကို အဆိုပါ စာကြည့်တိုက်သစ်၌ ကျင်းပသည်။

အဆိုပါစာကြည့်တိုက်သစ်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ထောက်ပံ့ငွေကျပ် သိန်း ၁၅၀၊ ပြည်သူလူထု ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် စေတနာရှင် အလှူရှင်များက ပြည်နယ်ဝန်ကြီးချုပ်ထံ ထယော်ကော်စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၄၂ သိန်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ပြည်နယ်လူမှုရေးဝန်ကြီးထံ ထယော်ကော် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က စာကြည့်တိုက်တည်ဆောက်ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဘားအံခရိုင် အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်/စာစောင်နှင့် ပရိဘောဂများကို စာကြည့်တိုက် ကော်မတီထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် သုတ၊ ရသ စာအုပ်စာစောင်ပေါင်း ၅၂၀ ခန့်ရှိ ထယော်ကော်စာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကျောင်းသားများ ရိုးရာခြင်းလုံးဖြင့် သရုပ်ပြဖျော်ဖြေရန် စနစ်တကျလေ့ကျင့်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ Indoor Stadium (B)ရှိ၌ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေကြမည့် အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းသား ကျောင်းသူ ၂၇၀ က ထိုးကွင်းလေးနှင့်ခြင်းခတ်သူ နောက်ခံသီချင်းဖြင့် မြန်မာ့ရိုးရာခြင်းလုံးကို ခြင်းခတ်ကစားကြရင်း နိုင်ငံတော်အလံပုံအပါအဝင် အုပ်စုဖွဲ့ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဟန်ချက်ညီညီ အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်အဆင့် အားကစားပွဲတော် အခမ်းအနား၌ ပါဝင် ဖျော်ဖြေရမည်ဖြစ်ကာ မြန်မာ့ရိုးရာ အားကစားယဉ်ကျေးမှုအမွေကို မတိမ်ကောမပပျောက်အောင် မျိုးဆက်သစ်လူငယ်များက လက်ဆင့်ကမ်း သယ်ဆောင်ခြင်းဖြစ်၍ ဂုဏ်ယူစရာပင်ဖြစ်ရာ အားလုံးကို လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုပါကြောင်း၊ အုပ်စုဖွဲ့လေ့ကျင့်ကာလ နှစ်လခန့်ရှိပြီဖြစ်ရာ အခမ်းအနားတွင် ဝန်ကြီးဌာန ဂုဏ်ဆောင်လျက် ညီညီညာညာ သရုပ်ပြဖျော်ဖြေနိုင်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်းပြောကြားပြီး ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများထံ အားဖြည့်အချိုရည်၊ အားဆေးများနှင့် ဂုဏ်ပြုငွေတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဘော်လီဘောလေ့ကျင့်ရေးရုံ (၁)၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘော (အမျိုးသား) အားကစားအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘော (အမျိုးသား) အားကစားအသင်းတို့ လက်ရည်စမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးက နှစ်ဖက်အသင်းမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများကို ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ လေ့ကျင့်နေမှုကြည့်ရှုအားပေးပြီး ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးပေးနေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။ (ယာပုံ)

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု ဘောလုံး(အမျိုးသား)အသင်း၊ ဖူဆယ် (အမျိုးသား) အသင်း၊ ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)အသင်း၊ ပိုက်ကျော်ခြင်း (အမျိုးသား) အသင်း၊ ပြေးခုန်ပစ် (အမျိုးသား၊ အမျိုးသမီး) နှင့် ဂေါက်သီးရိုက်(အမျိုးသား)အသင်းတို့မှ အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားကစားအသင်းများအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အဆင့်အတန်းရှိရှိ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများ ရရှိနိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်ရာတွင် စည်းကမ်းလိုက်နာပြီး အုပ်ချုပ်သူ/နည်းပြများ၏ သင်ကြားပြသမှုအတိုင်း စနစ်တကျ လေ့ကျင့်သွားကြရန်၊ ကြံ့ခိုင်မှုကောင်းမွန်အောင် ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေး ဂရုစိုက်နေထိုင်သွားရန် မှာကြားကာ ချီးမြှင့်ထောက်ပံ့ငွေများနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အားကစားနည်း ခြောက်မျိုးကို အုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမား ၁၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**စနစ်တကျစစ်ဆေးဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ်အတွင်းရှိ နေပြည်တော် အမှတ်(၁) ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံနှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဝဏ္ဏသိဒ္ဓိအားကစားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားပွဲများ ကျင်းပရာ အဆောက်အအုံများသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားစဉ်ဆက်မပြတ်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဗို့အားပြည့်ပြည့်ဝဝဖြင့် အသုံးပြုနိုင်ရေး၊ ဓာတ်အားခွဲရုံသုံးလျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများအား စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန် မှာကြားကာ ဓာတ်အားခွဲရုံများမှ အားကစားရုံများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့်(၉) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးများကို ယနေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ MGallery ဟိုတယ်၌ ကျင်းပရာ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေး၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးနှင့်မြန်မာကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံလူမှုရေး - ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများသည် In-person/Virtual စနစ်များဖြင့် တက်ရောက်သည်။

ဦးစွာ အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၏ဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး ခေါင်းဆောင်များ အနေဖြင့် မျိုးဆက်သစ်လူငယ်များ၏ အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မိမိတို့၏ အားကောင်းခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကျင်းပပြီးစီးခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူငယ်ဆိုင်ရာဝန်ကြီးများက နိုင်ငံအလိုက် ဆွေးနွေးပြောကြားခြင်း၊ ပူးတွဲထုတ်ပြန်ချက်များကို ဆွေးနွေးအတည်ပြုခြင်း၊ (၁၄)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပမည့် အချိန်နှင့်နေရာတို့ကို ဆွေးနွေးခြင်းများဆောင်ရွက်ပြီး အစည်းအဝေးပထမပိုင်း အစီအစဉ်ကို ရပ်နားခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်အဖြစ် (၉) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကိုကျင်းပရာ အစည်းအဝေး ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်၊ အစီအစဉ်အသစ်များနှင့် အညီ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ပိုမိုအားကောင်းသည့် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဖန်တီးနိုင်မည့် အကြံပြုချက်များကို မျှဝေဆွေးနွေးပေးသွားရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း လူငယ်ထုအတွက် ပိုမိုကောင်းမွန်သည့် သာယာဝပြောမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည့် ရလဒ်ကောင်းများစွာနှင့် ပြီးမြောက်အောင်မြင်လာစေရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏ အစီရင်ခံစာများကိုဖတ်ကြားတင်ပြခြင်း၊ အာဆီယံအပေါင်း ၃ နိုင်ငံများက မြန်မာနိုင်ငံ၏ ဥက္ကဋ္ဌဆောင်ပုဒ်ဖြစ်သည့် **"သဟဇာတဖြစ်တဲ့ အာဆီယံလူ့အဖွဲ့အစည်းတစ်ခုကို လူငယ်တွေရဲ့အင်အားနဲ့ ဖန်တီးဖော်ဆောင်သွားကြပါစို့"** နှင့် စပ်လျဉ်း၍ လူငယ်ဆိုင်ရာ ဝန်ကြီးများက နိုင်ငံအလိုက် ဆွေးနွေးပြောကြားခြင်း၊ အစည်းအဝေးများ၏ ဝန်ကြီးများအဆင့် ပူးတွဲထုတ်ပြန်ချက်များကို အတည်ပြုခြင်းနှင့် (၁၀) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကျင်းပမည့် အချိန်နှင့်နေရာကို ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်များကို ဖိလစ်ပိုင်နိုင်ငံသို့ လည်းကောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်များကို ဖိလစ်ပိုင်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးများနှင့်အတူ ဆက်စပ်အစည်းအဝေးများ ဖြစ်သည့် (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကိုလည်း လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်များတွင် MGallery ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်လတ်မြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျိုက်လတ် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ အောင်မြင့်မိုရ်ဈေးရှေ့၌ နိုဝင်ဘာ ၂၈ ရက်က အခြေခံစားသောက်ကုန် ကြက်ဥ၊ ဘဲဥများကို ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် အခြေခံစားသောက်ကုန် ကြက်ဥ၊ ဘဲဥများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရာတွင် ကြက်ဥတစ်လုံးလျှင် ကျပ် ၃၈၀ နှုန်းဖြင့် အလုံးရေ ၄၀၀ နှင့် ဘဲဥတစ်လုံးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် အလုံးရေ ၈၀၀ တို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးပြီး ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူများ အဆင်ပြေစွာဝယ်ယူနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်(မြန်/ဆက်)**

# မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးနှင့် အားကစားစာပေကဏ္ဍ အညမည

## အားကစားပရိသတ်တစ်ဦး

၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ နှစ်စဉ်ကျင်းပခဲ့သော ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲများက အကြိတ်အနယ်ရှိလှသည်။

ရန်ကုန်၊ မန္တလေး၊ မကွေး၊ ရှမ်း စသည့်အသင်းကြီးများက ချန်ပီယံခြေစွမ်းခြေစရှိသော အသင်းကြီးများဖြစ်သည်။ စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီ စသည့် တိုင်းအဆင့်အသင်းကြီးများကလည်း အစဉ်အလာရှိသော အသင်းကြီးများပီပီ ကျော်ဖြတ်ဖို့ရန် ခက်ခဲသည်။

မွန်၊ ကရင်၊ ကချင် စသည့်ပြည်နယ်အသင်းများကလည်း မခေလှပါ။ တိုင်းအဆင့်အသင်းကြီးများကို အုပ်စုအဆင့်ပွဲစဉ်မှာပဲ အခက်တွေ့အောင် အကြိတ်အနယ် ခံကစားတတ်သည်။ ရန်ကုန်အိမ်ခံပရိသတ်များကလည်း ပြည်နယ်အသင်းများကို အထူးသဖြင့် တိုင်းအဆင့် အသင်းကြီးများနှင့် ဆုံတွေ့ပါက တစ်ခဲနက်အားပေးလေ့ရှိကြသည်။ သို့နှင့် ပြည်နယ်အသင်းများမှာ ကိုယ့်ကွင်းကိုယ့်အိမ်ခံ ပရိသတ်ရှေ့မှောက်တွင် ကစားနေရဘိသကဲ့သို့ စိတ်ဓာတ်တက်ကြွကာ ပွဲစပွဲဆုံး ရေကုန်ရေခန်း အသည်းပေါက်မတတ် ကစားလေ့ရှိသဖြင့် အသင်းကြီးများမှာ အခက်တွေ့ကြရသည်။ အခန့်မသင့်လျှင် စောစောစီးစီး အောင်ဖျာလိပ်ပြီး ပြန်ရတတ်သည်။

### ပရိသတ်များ အထူးစိတ်ဝင်စား

ထိုခေတ်က နိုင်ငံပိုင်သတင်းစာများကလည်း ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲပွဲစဉ်များကို ပွဲစပွဲဆုံး သတင်း၊ သတင်းဓာတ်ပုံများ၊ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် နေ့စဉ်ဖော်ပြလေ့ရှိသဖြင့် ပရိသတ်များ အထူးစိတ်ဝင်စားခဲ့ကြသည်။ အောင်ဆန်းကွင်းအတွင်းသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက် ကြည့်ရှုအားပေးခဲ့သော ပရိသတ်များသည်ပင်လျှင် နောက်တစ်နေ့တွင် ကိုယ်ကြည့်ရှုခဲ့သော ပွဲစဉ်အကြောင်းကို သတင်းစာများက မည်သို့မည်ပုံ သုံးသပ်ရေးသားဖော်ပြမလဲဟု စိတ်ဝင်တစား စောင့်ဖတ်လေ့ရှိသည်။

ထိုခေတ်က ကြေးမုံ၊ ဗိုလ်တထောင်၊ လုပ်သား၊ မြန်မာ့အလင်း စသည့် နိုင်ငံပိုင်သတင်းစာကြီးများမှ အားကစားသတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များကလည်း အပြိုင်အဆိုင် ရေးသားရိုက်ကူးဖော်ပြကြသည်။ ယင်းသို့ဖော်ပြရာတွင် ကျွန်တော်က ဗိုလ်တထောင်သတင်းစာကို အကြိုက်ဆုံးဖြစ်သည်။ ဗိုလ်တထောင်သတင်းစာ၏ ဖော်ပြမှုက သွက်သည်၊ ထက်သည်။ သတင်းခေါင်းပေးဖော်ပြရာမှာပင် ပြည်နယ်နှင့် တိုင်းအသီးသီး၏ ထင်ရှားပေါ်လွင်သော အထိမ်းအမှတ်များကို နာမဝိသေသနပြု၍ တင်စားဖော်ပြလေ့ရှိသည်။

ရန်ကုန်တိုင်းအသင်းကို ရန်ကုန်ဟီးနိုးကြီး၊ ပဲခူးတိုင်းအသင်းကို ပဲခူးဆား၊ မကွေးတိုင်းအသင်းကို မကွေးဖန်ခါးသီး၊ ရှမ်းပြည်နယ်အသင်းကို ရှမ်းအိုးစည်၊ ချင်းပြည်နယ် အသင်းကို တောင်ဇလပ်ပန်း စသည်ဖြင့် ဒေသခံပရိသတ်များ၏ စိတ်နှလုံးကို အထူးဆွဲဆောင်စေသည်။

ထိုသည်မှစ၍ ကျွန်တော်သည် ပြည်တွင်းပြည်ပ အားကစားလောကအကြောင်းကို အထူးစိတ်ဝင်စားလာမိသည်။ နေ့စဉ်ထုတ်သတင်းစာပါ အားကစားကဏ္ဍဖော်ပြချက်တို့နှင့်ပင် ရောင့်ရဲတင်းတိမ်မှုမရှိတော့၍ လက်လှမ်းမီရာ အားကစားစာပေများကို ရှာဖွေဝယ်ယူဖတ်ရှုရတော့သည်။ သို့ရာတွင် ထိုခေတ်အခါက ယခုခေတ်သို့နယ်ဖတ်စရာ၊ မှတ်စရာလေ့လာဖွယ်ရာများက မများလှချေ။ ဂျာနယ်ဆို၍ သက်တမ်းရင့် တံခွန်ဂျာနယ်မျှသာရှိသေးသည်။

အားကစားစာအုပ်စာပေကလည်း အနည်းငယ်မျှသာ။ လက်ချိုးရေတွက်၍ပင်ရသည်။ သို့ရာတွင် ကျွန်တော်တို့လို အားကစားဝါသနာရှင်၊ အားကစားပရိသတ်များအတွက် တန်ဖိုးမဖြတ်နိုင်ပါပေ။ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်ဖြစ်သည့် ဆရာကြီး ဗဟိုသိမ်းဆောင်၏ **"အိုလံပစ်"**အမည်ရှိ အားကစားစာအုပ်ကြောင့် ကျွန်တော်သည် ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ မြင်ကွင်းမှသည် ကမ္ဘာ့အိုလံပစ်စင်မြင့်ကို လှမ်းမျှော်ကြည့်ရှုခွင့်ရခဲ့သည်။

၁၉၆၇ ခုနှစ် နိုဝင်ဘာလက ထုတ်ဝေခဲ့သော ဆရာကြီး ဗဟိုသိမ်းဆောင်၏ **"အာရှဘောလုံးနှင့်မြန်မာ့ကြယ်ပွင့်"** စာအုပ်ကြောင့် တစ်ချိန်က အရှေ့တောင်အာရှသာမက အာရှအဆင့်တွင်ပင် အောင်မြင်ကျော်ကြားခဲ့ကြသော မြန်မာ့ကြယ်ပွင့်များဖြစ်ကြသည့် ဗဟာဒူး၊ ခင်မောင်ထွန်း၊ ဘပု၊ မောင်မောင်၊ တင်အေး၊ အောင်ခင်၊ ဝင်းမောင်၊ စိုးမြင့်တို့၏ ဘဝကောက်ကြောင်းနှင့် မြန်မာ့ဘောလုံးလောက၏ ရွှေခေတ်တစ်စိတ်တစ်ပိုင်းကို လေ့လာမှတ်သားခွင့်ရခဲ့သည်။ ထို့အတူ ဆရာကြီးဗဟိုသိမ်းဆောင်၏ ၁၉၆၅ ခုနှစ်၊ ဖွန်လ ထုတ် **"ကမ္ဘာသိသော အားကစားသမားများ"** စာအုပ်ကလည်း မြန်မာအားကစားလောကမှ ကမ္ဘာ့အားကစားလောကဆီသို့ တစ်ဖန်ပေါင်းကူးမိတ်ဆက်ပေးခဲ့ပြန်ပါသည်။

### နိုင်ငံတကာပြိုင်ပွဲများ အောင်ပန်းဆင်နိုင်ခဲ့

ဆရာကြီးမောင်ရဲဝင်း၏ **"မြန်မာ့အားကစားလူရည်ချွန်များ"**စာအုပ်ကမူ တစ်ချိန်က မြန်မာ့အားကစားလောကသည်ဘောလုံးအားကစားတစ်ခုတည်း ကွက်ကွက်ကလေး အောင်မြင်ခဲ့သည်မဟုတ်။ အားကစားနည်းအလိုက် အောင်မြင်ခဲ့မှုများ ရရှိခဲ့သည်ကို လေ့လာမှတ်သားတွေ့ရှိရပေသည်။ **"အရှေ့တောင်အာရှ သံလုံးပစ် ဗိုလ်ဂျင်နီဖာတင်လေး၊ တာတိုဘုရင်မ မိုးစံ၊ မြန်မာ့ဂုဏ်ဆောင် တာလတ်အပြေးသမား ဂျင်မီ၊ တာဝေးအပြေးဘုရင် ရှင်မွေ့ဂန်း၊ လူငယ်ပွဲတော်၏ အလှဘုရင်မ မမိုးအေး(ခ) ဂရေစီကား (ပြေးခုန်ပစ်)၊ 'မရ'ညီနောင်မှတစ်ဦး စိုးမရ၊ ဘော်လီဘောမယ် မဖြူဖြူ၊ ကြက်တောင်မျိုးရိုးကြည်ညွန့်၊ တံခွန်စိုက်ရေကူးသမား တင်မောင်နီ၊ မလျှော့သောဖွဲလုံ့လရှင် တင်ထွန်း (လက်ဝှေ့)၊ လက်ဝှေ့ကြယ်တစ်ပွင့် သိန်းမြင့်၊ မြန်မာ့လူသန်ကြီး ထွန်းမောင် (အလေးမ)၊ ပင်ကိုသန်စွမ်းသူ ချစ်မြ(အလေးမ)၊ ဘောလုံးသမားတို့၏ဆရာကြီး ဦးစိန်လှိုင်၊ ဘုရားပေးသောခြေထောက် ဗဟာဒူး၊ ဂိုးစောင့်ဘုရင် တင်အောင်၊ ဘောလုံးမင်းသားလှဒွေး"**တို့၏ ဘဝကောက်ကြောင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်ပန်းဆင်နိုင်ခဲ့မှုများကို လေ့လာမှတ်သားခဲ့ရပေသည်။

အလားတူ ဆရာကြီးမောင်ရဲဝင်း၏ **"အရှေ့အနောက် တောင်နဲ့မြောက်"**အမည်ရစာအုပ်မှာမူ ၁၉၇၄ ခုနှစ်က အနောက်ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုခဲ့သည့် ခရီးသွားအတွေ့အကြုံများနှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပွဲစဉ်များကို မှတ်တမ်းတင်ဖော်ပြခဲ့ခြင်းဖြစ်၍ အားကစားဝါသနာရှင် ပရိသတ်များအဖို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုရသကဲ့သို့ ခံစားဖတ်ရှုရပေသည်။

ထိုမှတစ်ဖန် ဆရာကြီး မောင်ရဲဝင်း၏ **"ဘောလုံးဘုရင် ပီလီ"**အတ္ထုပ္ပတ္တိစာအုပ်မှာလည်း ခေတ်အဆက်ဆက်ကမ္ဘာကျော် ဘောလုံးသမား မြောက်မြားစွာ မွေးထုတ်ပေးနေသော ဘရာဇီးဘောလုံးလောကနှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို မြန်မာပရိသတ်များနှင့် ရင်းနှီးကျွမ်းဝင်စေသည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင်မူ အားကစားစာပေကဏ္ဍသည် ပို၍ဝေဆာဖွံ့ဖြိုးလာသည်။ တံခွန်ဂျာနယ်နှင့်အတူ အင်အား အားကစားဂျာနယ်သည်လည်း ပရိသတ်အင်အား အခိုင်အမာဖြစ်လာသည်။ အင်အားအားကစားဂျာနယ်မှ ပင်တိုင်ဆောင်းပါးရှင် ဆရာ ဦးဖေသိန်းက အင်္ဂလန်ပထမတန်း ဘောလုံးပြိုင်ပွဲများကို တစိုက်မတ်မတ် ရေးသားဖော်ပြပေးမှုကြောင့် အင်္ဂလန်ကလပ်အသင်းများနှင့် အင်္ဂလန်ဘောလုံးလောကကို မြန်မာဘောလုံးပရိသတ်များ စတင်ထိတွေ့ခွင့်ရရှိခဲ့ပါသည်။ ထိုစဉ်က ယခု မြန်မာလူကြီးလူငယ်မရွေး အထူးကြိုက်နှစ်သက်နေသည့် အင်္ဂလန်ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲပင် မပေါ်ပေါက်သေးချေ။ ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲကို ၁၉၉၂ ခုနှစ် မေလ ၂၇ ရက်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဝါရင့်အားကစားကလောင်ရှင် ဆရာကြီး ခင်မောင်ထွေး (ပျဉ်းမနား)၏ **"မှားရင်ပြင်ပါ၊ ဆွေးနွေးပါရစေ"** အပတ်စဉ်ဆောင်းပါးများနှင့် ဆရာ ရွှေဘောလုံး၏ အပြန်အလှန် စကားပြောခန်းတို့ကလည်း ထိမိလှပေသည်။

၁၉၉၆ ခုနှစ်တွင် PHILIPS ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် မြန်မာ့ရုပ်မြင်သံကြားမှ ယူရို ၉၆ (EURO 96) ဥရောပဖလားဘောလုံးပြိုင်ပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ မြန်မာအားကစားပရိသတ်များ အထူးစိတ်ဝင်တစား ရှိခဲ့ကြသည်။ အင်အားအားကစားဂျာနယ်ကလည်း ရာသီစာအဖြစ် ၁၉၉၆ ဥရောပတံခွန်စိုက်ဘောလုံးပြိုင်ပွဲ အမှတ်တရမှတ်တမ်းကို ပြုစုထုတ်ဝေခဲ့သဖြင့် ဥရောပဘောလုံးပြိုင်ပွဲသမိုင်းကို ထဲထဲဝင်ဝင်လေ့လာ သိရှိခွင့်ရခဲ့ပြန်ပေသည်။

ထို့အတူ ယနေ့ မြန်မာနှင့် ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ်များအားလုံး စိတ်ပါဝင်စားမှုအရှိဆုံး UEFA ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ စတင်ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍လည်း ထိုမှတ်တမ်းစာအုပ်တွင် ဖော်ပြပါရှိသည်။ UEFA ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ စတင်ပေါ်ပေါက်လာရန် စတင်စည်းရုံးလှုံ့ဆော်ပေးခဲ့သူမှာ ပြင်သစ်နိုင်ငံမှ ဝါရင့်သတင်းစာဆရာတစ်ဦးလည်းဖြစ်သူ၊ ဘောလုံးဝေဖန်ရေး သမားတစ်ဦးလည်းဖြစ်သူ၊ ပြင်သစ်လက်ရွေးစင် ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ဂါဘရီရယ်ဟီနွတ်ပင် ဖြစ်သည်။

### "ကလပ်"အသင်းများ အဆင့်အတန်းမြင့်မားရေး

ဟီနွတ်က ဥရောပမှ မိမိတို့နိုင်ငံ အသီးသီး၏ ဘောလုံးအဆင့်အတန်းတိုးတက်ရေးမှာ **"လက်ရွေးစင်"**အသင်း ဘောလုံးသမားများကိုသာ အားပေးချီးမြှောက်နေရုံနှင့်မပြီးဘဲ လက်ရွေးစင်အသင်းများအတွက် လက်ရွေးစင်ဘောလုံးသမားများကို မွေးထုတ်ပေးရာ **"ကလပ်"**အသင်းများ အဆင့်အတန်းမြင့်မားရေးမှာ အဓိကအခြေခံကျသော အချက်တစ်ချက်ဖြစ်သည်ဟု ခံယူကာ သူ၏သတင်းစာဖြစ်သော အယ်လ်အီကွိပ်သတင်းစာမှ တစ်ဆင့် စည်းရုံးလှုံ့ဆော်ရေးသားခဲ့ရာမှ ယနေ့တစ်ကမ္ဘာလုံး စိတ်ဝင်တစားအားပေးလျက်ရှိသော UEFA ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲမှာ ၁၉၅၅ ခုနှစ်တွင် စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

၁၉၈၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကာလတွင်မူ ဘောလုံးအားကစားနှင့် ပတ်သက်သော မှတ်တမ်းမှတ်ရာစာပေများ ပိုမိုကျယ်ပြန့်စွာထွက်ပေါ်လာသည်။ တံခွန်အယ်ဒီတာအဖွဲ့ကပြုစုသည့် **"ကမ္ဘာ့ဖလား(၁၉၃၀-၁၉၉၈)"** မှတ်တမ်းစာအုပ်နှင့် အင်အားအားကစားဂျာနယ်မှ ထုတ်ဝေသည့် **"၁၉၉၈ ပြင်သစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(၁၉၃၀ မှ ၁၉၉၈) အမှတ်တရမှတ်တမ်း"** စာအုပ်များမှာ စာဖတ်ပရိသတ်များကြားတွင် ထင်ရှားသည်။

- **၂၀၀၀ ပြည့်နှစ်တွင် အင်တာမီလန်အသင်းနှင့်အတူ အီတလီရှီးထွက်ဖလား ဗိုလ်လုပွဲအဖြစ် လာဇီယိုအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် ဒူးဒဏ်ရာထပ်မံရရှိပြီး ဘောလုံးသမားဘဝနိဂုံးကမ္ဗတ်ချုပ်ငြိမ်းလုနီးနီးအခြေအနေမှ ပြန်လည်ရုန်းကန်ကာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိခင် ဘရာဇီးလက်ရွေးစင်အသင်းကို ငါးကြိမ်မြောက် ကမ္ဘာ့ဖလားရရှိစေရန် ကြိုးပမ်းခဲ့မှုများကလည်း အတုယူဖွယ်ပင်**
- **မြန်မာ့စာနယ်ဇင်းလောကတွင် အားကစားနှင့်ပတ်သက်၍ နည်းစနစ်၊ ပညာပေး၊ အားကစား သုတ ရသ၊ အတ္ထုပ္ပတ္တိ စာအုပ်စာတမ်းများကား ရှားပါးနေဆဲဖြစ်ပါသည်။ သို့သော် ထွက်ရှိပြီးသမျှ အားကစားစာပေစာအုပ်၊ မှတ်တမ်းမှတ်ရာများကား မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးအတွက်သာမက တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားများ၊ မျိုးဆက်သစ်လူငယ်မောင်မယ်များအတွက်လည်း အားကျအတုယူဖွယ်ရာအဖြစ် အကျိုးပြုလျက်ရှိ**

*စာမျက်နှာ ၁၁ သို့*

# စာဆိုကျေးဇူး

❖ မြကန်သာသည်၊ စာဦးမည်၏
မင်းပြည်ခေတ်ဆက်၊ ကျောက်ပေထက်၌
ပေါ်ထွက်စာစုံ၊ ပန်းရုံသို့
ဖူးငုံပွင့်လန်း၊ ဆင့်ဆင့်ကမ်း၍
သက်တမ်းရင့်ရှည်၊ စာအမွေတည့်
နေရာတိုင်းရှိ၊ ကင်းနိုင်ဘိသော
ပြည်၏တန်ဆာ၊ ရတနာရှင့်
စာမွန်စာခန့်၊ စာသန့်စာန
အစုစုလျှင်၊ ဂန္ထဝင်သည်...
ရင်ဝယ်စွဲနှစ်ခဲ့တကား။
❖ အကြောင်းရာစုံ၊ အရွယ်စုံတွက်
ပုံသဏ္ဌာန်စုံ၊ နေရာကုန်ရောက်
ထိုးဖောက်ပျံ့နှံ့၊ ရသဖြန့်ဝေ
ခိုင်ခံ့ပေစွ၊ ခံစားရ၏
ရာဇဝမ္မ၊ သဘာဝနှင့်
လောကခြင်းရာ၊ ဖွဲ့ဆိုပါသော
စာဆိုကျေးဇူး၊ ဂုဏ်အထူးလည်း
တင်ဖူးခဲ့ပြီ၊ လက်စုံညီလျက်
ရော်ရည်ဦးခိုက်မိတကား။
❖ လက်လှမ်းတမီ၊ စာဆိုသည်လည်း
ရှေးမီလမ်းသစ်၊ ထွင်ခဲ့ရစ်၏
ခေတ်စမ်းစာဖြင့်၊ မြန်ဂုဏ်မြှင့်၍
ရှန်းတင့်ဝေစည်၊ ပုလဲသီသို့
ဆီမီးထိန်လင်း၊ အမှောင်ခွင်းသို့
ပန်းခင်းသင်းကြိုင်၊ ခြံလုံးလှိုင်သို့
နိုင်ငံအနှံ့၊ ကမ္ဘာဆန့်၍
မတန့်စေရာ၊ တစ်သက်တာလျှင်
စာသည်ဘဝ၊ ဘဝသည်စာ
မြှုပ်နှံပါသူ၊ ဇရာရင့်အို
ထိုစာဆိုတို့၊ ကြည်ညိုစိတ်ဝင်
ဦးထိပ်တင်၍
ငါလျှင် ကန်တော့လိုက်သည်တကား။ ။

(စာဆိုတော်နေ့နှင့် စာဆိုများကိုဂုဏ်ပြုလျက်)

ကို(တက္ကသိုလ်)

---

*စာမျက်နှာ ၁၀ မှ*

ထို့အတူ ၁၉၉၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အပြီးတွင် ထုတ်ဝေခဲ့သော ဆရာကျော့မောင် (မင်္ဂလာတောင်ညွန့်) စုဆောင်းတင်ပြသည့် **"ကမ္ဘာကျော်ကြား ဘောလုံးမင်းသား စူပါစတားများ"** စာအုပ်မှာမူ ခေတ်အဆက်ဆက် ကမ္ဘာကျော် ဘောလုံးသမားများဖြစ်ကြသည့် အူဆီဘီယို၊ မာစီလိုစလတ်စ်၊ ဂိုးသမား ချီလာဗတ်၊ ဂျပ်စ်ဖွန်တိန်၊ ပလာတီနီ၊ အဲရစ်ကန်တိုနာ၊ ဇီနီဒိုင်းဇီဒိန်း၊ ဂတ်မူလာ၊ ယူဝီဆီးလား၊ ဘက်ကင်ဘောင်ဝါ၊ လိုသာမားသီးယပ်စ်၊ ဂျာဂင်ကလင်းစမန်း၊ အိုလီဗာဘီယာ ဟော့ဖ်၊ လီယိုနီဒတ်စ်၊ ဒီဒီ၊ ဂရင်ချာ၊ ဂျယ်ရာဇင်ဟိုပီလီ၊ ဇစ်ကို၊ ကာရီကာ၊ ဘီဘီတို၊ ရိုမာရီယို၊ ဒီးနယ်စ်စန်၊ ရောဘတ်တိုကားလို့စ်၊ အက်ဒ်မန်ဒိုနှင့် ရိုနယ်ဒိုတို့၏အကြောင်း တစေ့တစောင်းကို ဆရာ၏ ရေးဟန်အတိုင်း သွက်သွက်လက်လက် တင်ပြထားသည်။ ဆရာ၏ **"ကမ္ဘာ့ဖလား ပြိုင်ပွဲများနှင့် ထူးခြားဖြစ်အင်စုံစုံလင်လင်"**၊ **"၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲ လမ်းညွှန်"**၊ **"ဇမ္ဗူတစ်လူ ဒေးဗစ်ဘက်ဟမ်း"**နှင့် **"ဒေးဗစ်ဘက်ဟမ်းကိုယ်တိုင်ပြောပြတဲ့ သူ့သဘောထား"**စာအုပ်များမှာလည်း စာဖတ်ပရိသတ်များ၏ နှစ်ခြိုက်အားပေးမှု များစွာရရှိခဲ့သည်။

၂၀၀၃ ခုနှစ်တွင် စာပေလောကစာအုပ်တိုက်က ထုတ်ဝေခဲ့သော ဆရာအောင်ဝင်း၏ **"၂၀၀၂ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ရိုနယ်ဒို"** စာအုပ်မှာလည်း အတ္ထုပ္ပတ္တိစာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

ဆင်းရဲသော မိဘနှစ်ပါးမှ မွေးဖွားလာခဲ့သူ၊ မိခင်ဖြစ်သူ ဆိုနီယာက ပီဇာမုန့်အရောင်းဆိုင်တွင် သန့်ရှင်းရေးအလုပ် နှစ်ဆိုင်းဆင်း၍ ပင်ပန်းကြီးစွာ ဘဝကိုရုန်းကန်ခဲ့ရရုံမက ရိုနယ်ဒိုလေးကို မွေးဖွားချိန်တွင်လည်း ပိုက်ဆံမရှိသောကြောင့် မွေးစာရင်းလုပ်ရန် နောက်ကျခဲ့သဖြင့် ဒဏ်ကြေးမပေးနိုင်၍ တစ်နေ့ ကမ္ဘာကျော်ဘောလုံးသမား သန်းကြွယ်သူဌေးတစ်ဦးဖြစ်လာမည့် ရိုနယ်ဒို၏ မွေးနေ့ကို လေးရက်နောက်ဆုတ်ကာ စာရင်းပေးသွင်းခဲ့ရသည်အထိ ဘဝကကြမ်းတမ်းခဲ့သည်။

**"ကလေးတုန်းက သိပ်ဆင်းရဲတာဗျ၊ ဒါတွေပြောဖို့ ကျွန်တော်မရှက်ပါဘူး၊ ဒီပြင် ကောင်လေးတွေက သူတို့ဘောလုံးလေးတွေနဲ့ အိမ်ပြင်ထွက်ပြီး လွတ်လွတ်လပ်လပ် ဆော့နေတာမြင်ရတော့ ကျွန်တော် သိပ်အားကျတာပေါ့၊ နောက် အဖေက ဘောလုံးတစ်လုံးပေးတယ်၊ မကြာဘူး၊ ကျွန်တော်လည်း ကစားစရာနေရာတွေ့တယ်၊ အဲဒီမှာကတည်းက ဘောလုံးကစားရတာကို ကျွန်တော် စွဲသွားတာ"**ဟု ရိုနယ်ဒိုက သူ၏ငယ်ဘဝကို ပြောပြဖူးသည်။

**ကမ္ဘာ့ဖလားရရှိစေရန်**
**ကြိုးပမ်းခဲ့မှုများကလည်း အတုယူဖွယ်ပင်**

ဆရာအောင်ဝင်း၏ လက်ရာ ရိုနယ်ဒိုအတ္ထုပ္ပတ္တိက စာဖတ်ပရိသတ်များအတွက်သာမက မျိုးဆက်သစ် မြန်မာလူငယ်ဘောလုံးသမားများအတွက်လည်း စံပြအဖြစ် အားကျအတုယူဖွယ် ကောင်းလှသည်။ ၂၀၀၀ ပြည့်နှစ်တွင် အင်တာမီလန်အသင်းနှင့်အတူ အီတလီ ရှုံးထွက်ဖလား ဗိုလ်လုပွဲအဖြစ် လာဇီယိုအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် ဒူးဒဏ်ရာထပ်မံရရှိပြီး ဘောလုံးသမားဘဝနိဂုံးကမ္ပတ်ချုပ်ငြိမ်းလုနီးနီး အခြေအနေမှ ပြန်လည်ရုန်းကန်ကာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိခင်ဘရာဇီးလက်ရွေးစင်အသင်းကို ငါးကြိမ်မြောက် ကမ္ဘာ့ဖလားရရှိစေရန် ကြိုးပမ်းခဲ့မှုများကလည်း အတုယူဖွယ်ပင်။

စိတ်ကူးချိုချို အနုပညာစာပေတိုက်က ထုတ်ဝေပြီး ဆရာမြတ်သက် မြန်မာပြန်ဆို ပြုစုသည့် "ထာဝရအထွန်းပြောင်ဆုံး ဘောလုံးသမား ပီလီ"စာအုပ်ကလည်း ပြီးပြည့်စုံသော အတ္ထုပ္ပတ္တိစာပေကောင်းတစ်အုပ်ဖြစ်သည်။ ဆရာမောင်ရဲဝင်း၏ **"ဘောလုံးဘုရင် ပီလီ"**၏ မပြီးသေးသောဘဝခရီးကို အစလယ်ဆုံး အပြီးသတ်လေ့လာဖတ်ရှုရဘိသို့နယ် ဆိုရပေမည်။ ၂၀၁၈ ခုနှစ်ကမှ ထုတ်ဝေခဲ့ခြင်းဖြစ်၍ ပီလီ၏ အားကစားဝန်ကြီးဘဝကိုပါ လေ့လာဖတ်ရှုခွင့်ရရှိခဲ့ပါသည်။ မကြာသေးမီက ကမ္ဘာ့ဂန္ထဝင်ဘောလုံးသမားကြီး ပီလီ ဆုံးပါးသွားချိန်တွင် မှတ်မှတ်ရရ ကျွန်တော်နောက်တစ်ကြိမ် ထပ်မံဖတ်ရှုခဲ့ပါသေးသည်။

မြန်မာ့စာနယ်ဇင်းလောကတွင် အားကစားနှင့် ပတ်သက်၍ နည်းစနစ်၊ ပညာပေး၊ အားကစားသုတရသ၊ အတ္ထုပ္ပတ္တိစာအုပ်စာတမ်းများကား ရှားပါးနေဆဲဖြစ်ပါသည်။ သို့သော် ထွက်ရှိပြီးသမျှ အားကစားစာပေစာအုပ်၊ မှတ်တမ်းမှတ်ရာများကား မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးအတွက်သာမက တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားများ၊ မျိုးဆက်သစ်လူငယ်မောင်မယ်များအတွက်လည်း အားကျအတုယူဖွယ်ရာအဖြစ် အကျိုးပြုလျက်ရှိပါသည်။

စင်စစ်အားဖြင့် မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးနှင့် အားကစားစာပေကဏ္ဍသည် အညမညသဘောအရ အပြန်အလှန်အကျိုးပြုလျက်ရှိသည်ဟု ဆိုရပါမည်။ ။

---

# မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အသစ်ပြန်လည်ဖွဲ့စည်း

**ရန်ကုန် နိုဝင်ဘာ ၃၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ခြင်းလုံးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးတို့အတွက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အသစ်ပြန်လည်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဟိုတယ်ရွှေဂုံတိုင် (ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အသစ်တွင် နာယက ဦးစိုးတင့်က ခြင်းလုံးနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ရှေ့လုပ်ငန်းစဉ်များ ပြောကြားပြီး ဥက္ကဋ္ဌ ဦးသက်လွင်က ဖွဲ့စည်းထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က အမျိုးသားအားကစားပွဲတွင် သရုပ်ပြခတ်ကစားမည့်အစီအစဉ်များကို တင်ပြပြီး ဒုတိယဥက္ကဋ္ဌဦးထွန်းလင်းသောင်းက နိုင်ငံတကာပြိုင်ပွဲနှင့် ပတ်သက်၍ ပြောကြားကာ အမှုဆောင်များက ခြင်းလုံးပတ်သက်၍ တင်ပြကြသည်။

အဆိုပါ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အသစ်တွင် နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးကျော်ဇင်မိုး၊ ဦးဝင်းတင့်၊ ဦးထွန်းလင်းသောင်းနှင့် အမှုဆောင် ၁၇ ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဒိုင်လူကြီးကြပ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ သရုပ်ပြလှုပ်ရှားရေး၊ စည်းရုံးရေး၊ သတင်းနှင့်ပြန်ကြားရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**အာကာစိုး**

---

# ကော့သောင်းမြို့၌ အခြေခံအပ်ချုပ်စက် သင်တန်းဆင်းပွဲကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က ရွှေပြည်စိုးကျေးရွာအုပ်စု (၈)မိုင်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ဆုများချီးမြှင့်သည်။ သင်တန်းကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နှစ်လကြာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ ၂၂၂

---

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဝေါမြို့၌ (၁၂)ကြိမ်မြောက် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား ကျင်းပ

**ဝေါ နိုဝင်ဘာ ၃၀**

စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ဝေါမြို့ အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပရာ ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို သီရိဇေယျာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို မြို့နယ် ၁၄ ခု၌ (၁၄) ကြိမ် ကျင်းပပေးမည်ဖြစ်ပြီး ယနေ့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သည် (၁၂)ကြိမ်မြောက် ကျင်းပပေးခြင်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ပူးပေါင်းဆောင်ရွက်မှုကော်မတီတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစာများကို ကြိုးစားလေ့လာသင်ယူရင်း ဗဟုသုတရဖို့ စာပေများကို ဖတ်ရှုလေ့လာကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သုတ၊ ရသ စာအုပ်စာစောင်များကို လည်းကောင်း၊ ဝေါမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနား၌ အသိပညာဗဟုသုတများရရှိစေရေး ဟောပြောပေးမည့် စာရေးဆရာကြီးများနှင့် စာအုပ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွဋ်က အလှူငွေကျပ်ငါးသိန်းအား ပေးအပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူခဲ့သည်။

ထို့နောက် အခြေခံပညာအထက်တန်းအဆင့် ပထမဆုရရှိသောပြိုင်ပွဲဝင် ကျောင်းသူတစ်ဦးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကျပန်းစကားပြောခြင်းနှင့် "ဇာတိမာန်" သီချင်းတို့ဖြင့် တင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးများက သီဆို၊ ကပြဖျော်ဖြေကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝေါမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်လျက်ရှိသော ကလေးစာဖတ်ခန်း၊ ပညာရေးဆိုင်ရာပြခန်း၊ ဌာနဆိုင်ရာပြခန်း၊ ကျောင်းစာကြည့်တိုက်နှင့် သုတ၊ ရသ စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**လယ်ဝေး နိုဝင်ဘာ ၃၀**

နေပြည်တော်ကောင်စီဝင် ဦးမင်းဦးသည် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်တိုင်းညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင့်၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေနှင့် နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေမှုများအား နိုဝင်ဘာ ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လယ်ဝေးမြို့နယ် သက္ကယ်ချင်းကျေးရွာနှင့် V4လမ်း ဆက်သွယ်သည့်လမ်း အရှည် ဝ/၃ ဒသမ ၃၃ မိုင် ကွန်ကရစ်လမ်းခင်းရန် အမာခံလမ်းပုခုံးခင်းသည့်လုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ရှားချောင်းကျေးရွာအဝင်လမ်းနှင့် ရွာလယ်လမ်းမကြီး အရှည် ဝ/၅ မိုင်ကွန်ကရစ်ခင်းရန်၊ အမာခံလမ်းပုခုံးခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက်နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဒက္ခိဏသီရိမြို့နယ် ဆည်စုကျေးရွာမှ လယ်ဝေးမြို့နယ် အောင်မင်္ဂလာကျေးရွာသို့ မြို့နယ်ချင်းဆက်လမ်း အရှည် ၃ ဒသမ ၂၅ မိုင်အား ခွဲကျောက်အသုံးပြု၍ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ ဆန်၊ အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**ဒဂုံအရှေ့ နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ တစ်နေ့တာ အာဟာရကျွေးမွေးခြင်း၊ ဆန်၊ အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို အဆိုပါဆေးရုံရှိ အပန်းဖြေခန်းမ၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက အမှာစကား ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မော်မော်သန်းမိသားစုက ဆန်နှင့်အသုံးအဆောင်ပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မိသားစုဝင်များက ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၅၀ နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အလှူငွေ၊ ဆန်၊ အသုံးအဆောင်ပစ္စည်းများနှင့် တစ်နေ့တာအာဟာရကျွေးမွေးစရိတ်များ ပေးအပ်လှူဒါန်းခဲ့ရာ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်သန်းမွန်က လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ဖွဲ့မင်းထက်**

## မှော်ဘီမြို့နယ်၌ အထက်စုမြစ်ရေတင်စီမံကိန်း နွေစပါးစံပြစိုက်ကွက်၊စိုက်ခင်းစိုက်ပျိုးနိုင်ရေးဆောင်ရွက်

**မှော်ဘီ နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အထက်စုမြစ်ရေတင်စီမံကိန်း နွေစပါးစံပြစိုက်ကွက်၊ စိုက်ခင်းစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၉ ရက်က မြစ်ကျိုးကျေးရွာအုပ်စု၌ ပြုလုပ်သည်။

ဦးစွာ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်ကွင်းတစ်ဆက်တည်း နွေစပါးစံပြစိုက်ကွက် ဧက ၁၀၀ စိုက်ခင်းကို အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ခြင်းလုပ်ငန်းများ၊ မျိုးစပါး အချိန်မီရရှိရေး လုပ်ငန်းများ၊ အောင်ရေရရှိရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကိရိယာနှင့် ပံ့ပိုးပစ္စည်း၊ ဓာတ်မြေဩဇာရရှိရေးကိစ္စများကို ဧက ၁၀၀ စိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## သုံးခွမြို့နယ်ရှိ ကျေးရွာငါးရွာ၌ စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**သုံးခွ နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာငါးရွာ၌ ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၇ ရက်က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် တာဝန်ရှိသူများသည် လသာကုန်းကျေးရွာ၊ ဖရုံကန်ကျေးရွာတို့တွင် အရှည်ပေ ၈၀၀၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် သမစတ္တကျေးရွာတွင် အရှည်ပေ ၁၀၀၀၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိချောင်းခေါင်းကျေးရွာတွင် အရှည်ပေ ၈၅၀၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် လက်ပံချောင်ကျေးရွာတွင် အရှည်ပေ ၁၂၀၀၊ အကျယ် ရှစ်ပေ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကျေးရွာများ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၇၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၂ ဒသမ ၇၉ သန်းကို အသုံးပြုကာ အောက်တိုဘာလ စတုတ္ထပတ်မှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# အာဖရိကဒေသတွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၅၉၀၀၀ ကျော်ရှိလာ

**အဒစ်အာဘာဘာ နိုဝင်ဘာ ၃၀**

အာဖရိကဒေသတွင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူအရေအတွက်မှာ ယခုနှစ်တွင် လက်ရှိအချိန်အထိ ၅၉၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိကစီဒီစီ) က ထုတ်ဖော်ပြောကြားသည်။

ထို့အပြင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသည့် နိုင်ငံအရေအတွက်မှာလည်း နိုင်ငံပေါင်း ၂၀ ရှိလာကြောင်း သိရသည်။ အာဖရိကစီဒီစီ အကြီးအကဲဖြစ်သူ နာဂါချီနာဝွန်ဂိုက နိုဝင်ဘာ ၂၈ ရက် ညနေပိုင်းတွင်ပြုလုပ်သော အွန်လိုင်းမီဒီယာရှင်းလင်းပွဲတစ်ခုတွင် အာဖရိကတိုက်၌ ယခုနှစ်အစပိုင်းမှစ၍ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၅၉၂၂၀ ရှိပြီး သေဆုံးသူပေါင်းမှာလည်း ၁၁၆၄ ဦးရှိကြောင်း ပြောကြားသည်။

အာဖရိကသမဂ္ဂ၏ ကျန်းမာရေးအေဂျင်စီက ထုတ်ပြန်သော အချက်အလက်အရ ပြီးခဲ့သည့် သီတင်းပတ်တစ်ခုတည်းတွင် အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါထပ်မံဖြစ်ပွားသူ ၂၆၈၀ နှင့် ထပ်မံသေဆုံးသူ ၂၂ ဦးရှိကြောင်း သိရသည်။

ရောဂါဖြစ်ပွားမှုအများဆုံးမှာ ဘူရွန်ဒီ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန္ဓာတို့မှ ဖြစ်ကြောင်း နာဂွန်ဂိုက ပြောသည်။

ပထမဆုံး မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို နိုဝင်ဘာ ၁၆ ရက်တွင် အစီရင်ခံဖော်ပြခဲ့သော အန်ဂိုလာနိုင်ငံသည် မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကို အစီရင်ခံဖော်ပြသည့် နောက်ဆုံးအာဖရိကနိုင်ငံဖြစ်လာခဲ့သည်။ ထို့ကြောင့် အာဖရိကဒေသတွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံပေါင်း ၂၀ အထိ ရှိလာခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်း မြောက်ကီဗူပြည်နယ်ရှိ ဆေးရုံတစ်ရုံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသည့် ကလေးငယ်တစ်ဦး ဩဂုတ် ၁၅ ရက်က ဆေးဝါးကုသမှုခံယူစဉ်။

## သီရိလင်္ကာ၌ သဘာဝဘေးအန္တရာယ်ကြောင့် လူပေါင်း ၄၆၃၀၀၀ ကျော် ဘေးသင့်ပြီး ၁၅ ဦး သေဆုံး

**ကိုလံဘို နိုဝင်ဘာ ၃၀**

သီရိလင်္ကာနိုင်ငံ၌ နိုဝင်ဘာ ၂၂ ရက်မှစတင်ကာ မိုးရွာသွန်းမှုနှင့် ဆက်စပ်သောဖြစ်ရပ်များကြောင့် လူပေါင်း ၄၆၃၀၀၀ ကျော် ဘေးသင့်မှုဖြစ်ပွားကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုစင်တာ (ဒီအမ်စီ) က နိုဝင်ဘာ ၂၉ ရက်တွင် ပြောသည်။

လူပေါင်း ၄၆၃၅၆၉ ဦးမှာ ရေကြီးရေလျှံမှု၊ သစ်ပင်လဲကျမှု၊ လေပြင်းတိုက်ခတ်မှုနှင့် မြေပြိုကျမှုများ စသည့်သဘာဝဘေးဒဏ်သင့်မှုဖြစ်ပွားခဲ့ကြောင်း ဒီအမ်စီက ပြောသည်။ ထို့အပြင် အဆိုပါဖြစ်ရပ်များကြောင့် ၁၅ ဦး သေဆုံးပြီး ၂၀ ထိခိုက်ဒဏ်ရာရရှိကာ တစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ဘက်ရှိ လေဖိအားနည်းရပ်ဝန်းသည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာကြောင်း နိုဝင်ဘာ ၂၉ ရက်တွင် သီရိလင်္ကာမိုးလေဝသဌာနက ပြောသည်။

ဆင်ဟွာ

## အီရတ်နိုင်ငံမြောက်ပိုင်း၌ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ ငါးဦးသေဆုံး

**အီရတ် နိုဝင်ဘာ ၃၀**

အီရတ်နိုင်ငံမြောက်ပိုင်း ကီယာကွခ်ပြည်နယ်၌ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ ငါးဦးသေဆုံးကြောင်း အီရတ်တပ်မတော်က နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

အီရတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက်က ကီယာကွခ်ပြည်နယ် အရှေ့တောင်ပိုင်းရှိ ဟမ်ရင်တောင်တန်း၌ အိုင်အက်စ်တို့ခိုအောင်းရာနေရာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးဌာနချုပ်နှင့် ဆက်စပ်သည့် မီဒီယာဖြစ်သည့် Security Media Cell က ထုတ်ပြန်သည်။ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက အီရတ်တပ်မတော်နှင့် ထောက်လှမ်းရေးတို့မှ ပူးပေါင်းတပ်ဖွဲ့ဝင်များက ဖုံးခိုကျင်းနှစ်ခုကို ရှာဖွေခဲ့ရာ အကြမ်းဖက်သမားငါးဦးသေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ပူးပေါင်းတပ်ဖွဲ့သည် အိုင်အက်စ်တို့ခိုအောင်းရာနေရာ၌ လက်နက်များ၊ ကျည်များ၊ ဖောက်ခွဲရေးပစ္စည်းများ၊ ထောက်ပံ့ပို့ဆောင်ရေးပစ္စည်းများနှင့် ဆက်သွယ်ရေးကိရိယာများ တွေ့ရှိခဲ့ကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် အိုင်အက်စ်တို့ရှုံးနိမ့်သည့်အချိန်မှစ၍ အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ တိုးတက်လာခဲ့သည်။

သို့သော်လည်း ကျန်ရှိနေသည့် အိုင်အက်စ်တို့က လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများကို မကြာခဏ တိုက်ခိုက်မှုများပြုလုပ်ကာ မြို့ပြများ၊ သဲကန္တာရများနှင့် ကြမ်းတမ်းသည့်ဒေသများတွင် ပုန်းအောင်းနေလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ နှင်းထူထပ်စွာကျဆင်းမှုကြောင့် သုံးဦးသေဆုံး

**ကဘူးလ် နိုဝင်ဘာ ၃၀**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘဒက်ရှန်းပြည်နယ်၌ နှင်းထူထပ်စွာ ကျဆင်းပြီး အေးခဲသည့်ရာသီဥတုကြောင့် သေဆုံးသူ သုံးဦးရှိကြောင်း ဒေသတွင်း အာဏာပိုင်တစ်ဦးက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ရာဂျစ်စတန်ခရိုင် နာဝါဘတ်ကျေးရွာ၌ နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ကလေးသုံးဦးမှာ အခြားကျေးရွာသို့ သွားရောက်စဉ် နှင်းထူထပ်စွာ ကျရောက်ပြီး ပြင်းထန်သည့်အအေးဒဏ်ကြောင့် သေဆုံးသွားကြောင်း ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာန ညွှန်ကြားရေးမှူးချုပ် ဟက်မတူလာ မိုဟာမက်မာဒီက ပြောကြားသည်။

အာဖဂန်နိုင်ငံ၌ မြို့တော်ကဘူးလ်မြို့မှ မြောက်ပိုင်းပြည်နယ်ကိုးခုနှင့် ဗဟိုအာရှပြည်နယ်များဆီသို့ဆက်သွယ်ထားသည့် အဝေးပြေးလမ်းအပါအဝင် ပြည်နယ်အချို့တွင် နှင်းထူထပ်စွာ ကျဆင်းခြင်းနှင့် အေးခဲသည့်ရာသီဥတုကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။ ဘဒက်ရှန်းပြည်နယ်သည် နှင်းထူထပ်စွာ ကျရောက်ခြင်းနှင့် ပြင်းထန်သည့် အအေးဒဏ်ကို နှစ်စဉ်ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဂါဇာသို့ ထောက်ပံ့ကူညီရေးထရပ်ကား အစီး ၅၀ ဂျော်ဒန် စေလွှတ်

**အမ္မန် နိုဝင်ဘာ ၃၀**

ဂျော်ဒန်ဟာရှိမိုက် ပရဟိတအဖွဲ့အစည်းသည် ဂျော်ဒန်တပ်မတော်နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တို့နှင့် ပူးပေါင်းကာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီသစ်ယာဉ်တန်းကို ဂါဇာကမ်းမြောင်သို့ စေလွှတ်လိုက်ကြောင်း သိရသည်။

အစားအစာ၊ ဆေးဝါးထောက်ပံ့ပစ္စည်းများနှင့် အခြားမရှိမဖြစ်လိုအပ်သည့်ပစ္စည်းများတင်ဆောင်လာသော ယာဉ်တန်းတွင် ထရပ်ကား အစီး ၅၀ ပါဝင်ကြောင်း၊ အဆိုပါ ထောက်ပံ့ကူညီမှုများကို ဂါဇာကမ်းမြောင်ရှိ သက်ဆိုင်ရာ အာဏာပိုင်များမှတစ်ဆင့် အမှန်တကယ် အကူအညီလိုအပ်နေသူများထံ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဟာရှိမိုက် ပရဟိတအဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

ဂျော်ဒန်သည် အီဂျစ်နိုင်ငံ အယ်အားရစ်လေဆိပ်မှတစ်ဆင့် လေယာဉ် ၅၃ စင်းအပါအဝင် ဂါဇာကမ်းမြောင်သို့ လက်ရှိအချိန်အထိ ထောက်ပံ့ကူညီရေးထရပ်ကားအစီးရေ ၄၃၂၆ စီး ပို့ဆောင်ထားပြီးဖြစ်ကြောင်း ဟာရှိမိုက် ပရဟိတအဖွဲ့ အတွင်းရေးမှူးချုပ် ဟွတ်ဆိန်းရှီဘာလီက ပြောကြားထားသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း၌ အခြေခံအဆောက်အအုံ စီမံကိန်း ၁၇ ခု ပြီးစီး

**ကဘူးလ် နိုဝင်ဘာ ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ခို့စ်ပြည်နယ်၌ အခြေခံအဆောက်အအုံစီမံကိန်း ၁၇ ခု၏ ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း နိုင်ငံပိုင် ဘက်ခ်ဟာသတင်းအေဂျင်စီက နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ထားသည်။

လမ်း၊ တံတားနှင့် အကာအရံများပါဝင်သည့် အဆိုပါစီမံကိန်းလုပ်ငန်းများသည် အာဖဂန် ငွေကြေး ၁၃ သန်းကျော် (အမေရိကန်ဒေါ်လာ ၂၀၀၀၁၀) ကုန်ကျခဲ့ပြီး ဒေသခံများအတွက် ပိုမိုကောင်းမွန်သည့် အဆောက်အအုံများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ဘေးဒဏ်ခံခဲ့ရသည့်အာဖဂန်နစ္စတန်ကိုပြန်လည်တည်ဆောက်ရန် ကြိုးပမ်းမှုနှင့် တစ်စိတ်တစ်ပိုင်းအနေဖြင့် အိမ်စောင့်အစိုးရက အာဖဂန်ပြည်သူများအတွက် ပြည်တွင်းနှင့် ပြည်ပအဖွဲ့အစည်းများကို ရင်းနှီးမြှုပ်နှံရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် တောင်းဆိုထားသည်။

ဆင်ဟွာ

# တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် ဖျာပုံခရိုင်တို့အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၇၁၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၅၉၉၅၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၄၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်စာတိုက် EMS (အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းစု)၌ ဩစတေးလျနိုင်ငံမှ တင်သွင်းလာသောချောထုပ် တစ်ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၃၈၃၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် မိုးကောင်းတံတားထိပ်၌ မော်တော်ယာဉ် နှစ်စီးနှင့် မော်တော်ဆိုင်ကယ်သုံးစီးပေါ်မှ တရားမဝင်စက်သုံးဆီဓာတ်ဆီ ၂၀၇ ဂါလန်၊ ဒီဇယ် ၁၁၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၈၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၅၈)၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၀၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၇၀၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ် ရွာမသံမဏိစက်ရုံဝင်းဘေး Mother ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်ထားသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၄၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၂၉၀၅၀၀) ကို ဖမ်းဆီးရမိသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူ ပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ငွေကျပ်သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ငွေကျပ်သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်ဂူ - နောင်ဝိုးသွား ကားလမ်းတွင် ရာဇာငွေး မောင်းနှင်ပြီး ဇော်မျိုးထွေး လိုက်ပါလာသည့် AD Van မော်တော်ယာဉ်နှင့် ရဲမင်းသူ မောင်းနှင်လာသည့် AD Van မော်တော်ယာဉ်တို့ကို သတင်းအရ ရှာဖွေရာ အဆိုပါယာဉ်နှစ်စီးဖြင့် သယ်ဆောင်လာသည့် ဘိန်းဖြူပါ ဆပ်ပြာခွက် ၂၆၃၅ ခွက်ဖြင့် ထည့်လျက် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ်သိန်း ၁၉၀ တို့ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် အောင်ကျော်ဦး၊ ဝင်းဖြိုးအောင်၊ ဇင်ဖြိုးအောင်နှင့် မနွယ်နီလွင်တို့ လေးဦးကို နိုဝင်ဘာ ၂၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်၌ ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုကတည်းက ချန်ပီယံအသင်းထွက်ပေါ်ပြီး ဖြစ်သော်လည်း ဒုတိယနေရာအတွက် နောက်ဆုံးပွဲအထိ စောင့်ကြည့်ခဲ့ရသည်။ ဒုတိယဆုအတွက် အပြိုင်ဖြစ်နေသည့် နှစ်သင်းတွင် အား/ကာသိပွံအသင်းအရေးနိမ့်သဖြင့် နိုင်ပွဲရရှိသည့် Junior Lions အသင်း ဒုတိယဆုရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂၄ ပွဲကစား ၁၆ ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံး၊ ရမှတ် ၅၂ မှတ်ဖြင့် ချန်ပီယံဆု ဆွတ်ခူးရရှိပြီး Junior Lions အသင်းက ၅၁ မှတ်ဖြင့် ဒုတိယ၊ အား/ကာသိပွံအသင်းက ၄၆ မှတ်ဖြင့် တတိယဆုရရှိသည်။ သုဝဏ္ဏကွင်း၌ကျင်းပသည့် Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး စိုင်းဇေယျာကျော်က သွင်းဂိုး ၁၅ ဂိုးဖြင့် ရရှိပြီး ဆုတံဆိပ်နှင့် ဆုကြေးကျပ်သုံးသိန်း၊ တတိယဆုရ အား/ကာသိပွံအသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၀၀၊ ဒုတိယဆုရ Junior Lions အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၂၀၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၁၅၀၀ နှင့် ချန်ပီယံဆုဖလားတို့ ပေးအပ်ချီးမြှင့်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-သော်လေး**

✻ *ကျောဖုံးမှ*

သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုလည်း အထောက်အပံ့ကောင်းတွေရရှိစေပါတယ်။ ငှက်ဝါသနာရှင်တွေနဲ့ ပြည်တွင်း ပြည်ပခရီးသွားတွေအပန်းဖြေရာနေရာ တစ်ခုအဖြစ်နဲ့ ခရီးသွားလုပ်ငန်းကိုလည်း အကျိုးပြုနေတာမို့ မိုးယွန်းကြီးအင်းရဲ့ ဂေဟစနစ်ကောင်းမွန်ရှင်သန်နေဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေပါတယ်” ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧက ၂၅၆၀၀ ကျယ်ဝန်းသော မိုးယွန်းကြီးအင်းတွင် ယမန်နှစ်ဆောင်းခိုငှက်ရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၁၁၂ မျိုးဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆောင်းခိုငှက်မျိုးစိတ် ရာကျော် ဝင်ရောက်နိုင်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ ခန့်မှန်းထားသည်။

**ဝင်ရောက်နားခိုလျက်ရှိ**

ယခုနှစ် ဝင်ရောက်လာသော ဆောင်းခိုငှက်မျိုးစိတ် ၂၉ မျိုးတွင် ဘဲရစ်၊ ဘဲပြာကလေး၊ ရေကြက်ဒုံ၊ တစ်တီတူး၊ ငါးဟစ်မွဲ၊ တောဝမ်းဘဲ၊ တလိုင်းခေါင်း၊ မယ်ညို၊ ခြေနီရေညှောင့်ငှက်၊ မြစ်တွေးငှက်နှင့် စစ်စလီငှက်အပါအဝင် ရှားပါးမျိုးစိတ်ဝင် ခရုစုတ်ခေါင်းမဲငှက်မျိုးစိတ်လည်း ဝင်ရောက်နားခိုလျက်ရှိကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ဆောင်းရာသီ၌ နို့တိုက်သတ္တဝါ ၁၂၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ဌာနေငှက် ၇၇ မျိုး၊ ငါးမျိုးစိတ် ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးတို့ ရှင်သန်တည်ရှိလေ့ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်းသို့ ဝင်ရောက်လာသော ဆောင်းခိုငှက်များသည် ပျံသန်းရာလမ်းကြောင်း ကိုးခုအနက်မှ အာရှ - ဩစတြေးလျငှက်ပျံသန်းရာလမ်းကြောင်း၊ အာရှအလယ်ပျံသန်းရာလမ်းကြောင်းနှင့် အနောက်အာရှ - အရှေ့အာဖရိကလမ်းကြောင်းတို့မှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

❂ *ကျောဖုံးမှ*

ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၉၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းခန့် ဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောက်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ်သည် အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေကို ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ်၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ **မိုး/ဇလ**

# စာပေဗိမာန်စာမူဆု၊ ပခုက္ကူ ဦးအုံးဖေဆုလို ပြိုင်ပွဲကြီးတွေမှာ ဂန္ထဝင်ကဗျာကို မြတ်နိုးတန်ဖိုးထားပြီး ကြိုးစားယှဉ်ပြိုင်နေကြတဲ့ လူငယ်ကဗျာရှင်တွေ တိုးတက်များပြားလာနေတာကလည်း အနာဂတ်အတွက် အားရစရာပါ

စဆနိုင်

ရန်ကုန် နိုဝင်ဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာပေဗိမာန်စာမူဆုရ စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည်။

စဆနိုင်

ကနောင်နိုင်နွယ်ဦး

ခက်လှိုင်းကျော်

**စဆနိုင်**
**အမျိုးသားစာပေဆု**
**အမေပေးသော ကဗျာများ**

ကဗျာကို မရေးရမနေနိုင်တဲ့ စိတ်နဲ့ပဲ ရေးပါတယ်။ မရေးဖြစ်ခဲ့တဲ့နေ့တွေ ရှိပေမယ့် မတွေးဖြစ်တဲ့နေ့ကတော့ မရှိသလောက်ပါပဲ။ ဒါပေမယ့် ဆုအတွက်၊ စာအုပ်အတွက် ဘယ်မဂ္ဂဇင်းတိုက်အတွက်ရယ်လို့တော့ တမင်ရည်ရွယ်ပြီး ဒီနေ့အထိ တစ်ပုဒ်မှ လုပ်ကြံမရေးခဲ့ဖူးဘူး။ စာပေဗိမာန်စာမူဆုအတွက် ပြိုင်မယ်လို့ စိတ်ကူးမိတော့မှ ပြိုင်ပွဲရဲ့ စည်းကမ်းသတ်မှတ်ချက် မူဝါဒတွေနဲ့ကိုက်ညီမယ့် ကဗျာမျိုးတွေကို ထုတ်နုတ်ရွေးချယ်ယူလိုက်တာပါပဲ။ ဆုရစာအုပ်ထဲမှာ ဂန္ထဝင်ရေးနည်းစနစ်တွေနဲ့ လိုက်ဖက်တဲ့ အကြောင်းအရာမျိုးစုံကို အရသာလည်း မထပ်အောင် စွမ်းသလောက်တော့ ထည့်ပေးထားပါတယ်။ ကျေးလက်သဘာဝ၊ လောကသစ္စာ၊ အညာဓလေ့၊ ကိုယ်တွေ့သမုဒယ၊ အတ္တနောမတိအားလုံး...၊ "အမေပေးသော ကဗျာများ"ဆိုတဲ့အတိုင်း အမေ့နာမည်နဲ့ လင်းဖြစ်ခဲ့တဲ့ ကြယ်တွေကတော့ အများဆုံးပါ။

ဂန္ထဝင်ကဗျာ ရွေအစစ်ကိုပဲ၊ အမွေအနှစ်လို ထိန်းသိမ်းရင်း ရေးခဲ့၊ ရေးဆဲ၊ ရေးသွားမှာပါ။ အမေပေးသောကဗျာများစာမူနဲ့ ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်ပထမဆုရပြီး ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆု ထပ်ဆင့်ချီးမြှင့်ခံရပါတယ်။ အမေကဗျာသီးသန့်စုစည်းမှု ထွက်နိုင်အောင်လည်း ကြိုးစားနေပါတယ်။ ဒီနေ့ခေတ်ကတော့ ဂန္ထဝင်ကဗျာရေးနည်းစနစ်တွေကို လူမှုကွန်ရက်ပေါ်မှာ အလွယ်တကူရှာဖွေလေ့လာနိုင်သလို၊ ကျမ်းစာအုပ်တွေကိုလည်း ဆိုင်တွေမှာ အချိန်မရွေး ဝယ်ယူစုဆောင်းလို့ ရနေပါပြီ။ ရေးနည်းစနစ်တွေကို ကျယ်ကျယ်ပြန့်ပြန့် သိလာကြသလောက်လည်း၊ အတွေးထက်၊ အရေးသွက်တဲ့ လူငယ်ကဗျာရှင်တွေ အရှိန်အဟုန်နဲ့ပေါ်ထွက်လာနေပါပြီ။ အထူးသဖြင့် နိုင်ငံတော်က နှစ်စဉ်ချီးမြှင့်မြှောက်စားနေတဲ့ စာပေဗိမာန်စာမူဆု၊ ပခုက္ကူ ဦးအုံးဖေဆုလို ပြိုင်ပွဲကြီးတွေမှာ ဂန္ထဝင်ကဗျာကို မြတ်နိုးတန်ဖိုးထားပြီး ကြိုးစားယှဉ်ပြိုင်နေကြတဲ့ လူငယ်ကဗျာရှင်တွေ တိုးတက်များပြားလာနေတာကလည်း၊ အနာဂတ်အတွက် အားရစရာပါ။ အဲဒါကြောင့် ဒီနေ့ခေတ်ကို "ဂန္ထဝင်ကဗျာရွှေခေတ်"လို့ပဲ ရဲရဲဝံ့ဝံ့ဆိုချင်ပါတယ်။

ကဝိပစ္စည်းမို့ ကဗျာဟာ ရေးဖို့ထက် တွေးဖို့က ပိုခက်ပါတယ်။ အတွေးမျိုးစေ့မှန်မှလည်း ကဗျာအပင်သန်ပါမယ်။ စာဖတ်သူရဲ့ရင်ထဲထိ မဖိတ်မစဉ်ရောက်သွားရအောင် ဘယ်လိုရေးနည်းပုံစံနဲ့ ထည့်ပေးမလဲဆိုတာမျိုးပေ့ါ။ ဂန္ထဝင်ကဗျာစာပေကြာရှည်တည်တံ့ ဂုဏ်ရောင်ပျံ့ဖို့အတွက် ကဗျာပညာရှင်များ၊ တစ်နှစ်ထက်တစ်နှစ် တိုးပွားပေါ်ထွန်းလာကြပါစေလို့ ပြောချင်ပါတယ်။

**ကနောင်နိုင်နွယ်ဦး**
**စာပေဗိမာန်စာမူဆု**
**(ကလေးစာပေ)ပထမ**

"လမင်းမျက်နှာ ပန်းမျက်နှာ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ(ကဗျာ) ပထမဆုကို ရရှိခဲ့ပါတယ်။ ယနေ့ လူငယ် နောင်ဝယ် ခေါင်းဆောင်လို့ ပြောချင်တဲ့စကားတွေကို ကလေးကဗျာပုံစံနဲ့ ရေးဖွဲ့ပြထားပါတယ်။ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ဆိုတဲ့အတိုင်း ကလေးကဗျာပုံစံအသစ် ကလေးကဗျာကာရန်ယူပုံ အသစ်တွေကို ကြိုးစားတီထွင်ရေးဖွဲ့ထားပါတယ်။ သင့်လျော်ရာ ကဗျာတွေကို ကလေးငယ်တွေ ရွတ်ဖတ်သီဆိုနိုင်ဖို့ ပညာရေးဝန်ကြီးဌာန (မူကြို၊ မူ၊ လယ်) ကျောင်းတွေမှာ သင်ကြားပေးစေလိုကြောင်း မေတ္တာရပ်ခံလိုပါတယ်။ အခုလို ပြောပြခွင့်ရတဲ့အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ကဗျာလှနဲ့ တွေးထူးမြင်ရင်း ဂါရဝပြုကျေးဇူးတင်ပါတယ်။

**ခက်လှိုင်းကျော်**
**စာပေဗိမာန်စာမူဆု**
**(ကဗျာပေါင်းချုပ်) ပထမ**

ကျွန်တော်က မြန်မာဂန္ထဝင်ကဗျာကို ခြောက်တန်းကျောင်းသားဘဝကတည်းက စွဲလမ်းလာခဲ့တာပါ။ "လွမ်းသလေ မန်းမြေမိတော့ကမ်းခြေမှာ စမ်းရေစတွေနဲ့ ဖျန်းလေက တသုန်သုန်"ဆိုတဲ့ ကျောင်းသင်ရိုးပါကဗျာလေးကို ခဏခဏရွတ်ဆိုနေခဲ့မိပါတယ်။ ၁၀ တန်းမှာ မြန်မာစာဆရာက အဖြည့်ခံရတု နှစ်ပိုဒ်ချပေးပြီး တစ်ပိုဒ်ဖြည့်ရေးခိုင်းရာမှာ ကျွန်တော်တစ်ယောက်တည်းသာ ဖြည့်ရေးပေးနိုင်လို့ မြန်မာစာဆရာ ဆရာဦးသိန်းက ပိုင်းလော့တံဆိပ်မင်ဖောင်တိန် ဆုချပေးအပ်ခဲ့တာလည်း နှစ် ၆၀ ကြာက ကျောင်းသားဘဝကို မမေ့နိုင်သေးပါဘူး။ အခုကဗျာဆုရတော့ သင်ကြားပေးခဲ့၊ အထုံပါရမီမျိုးစေ့ချပေးခဲ့တဲ့ ဆရာတွေအားလုံးကို ရည်မှန်းဦးချကန်တော့မိပါတယ်။ စာပေဆုငါးကြိမ်ရခဲ့ပြီးပါပြီ။ ဆက်လက်ပြီး ရေးနေဦးမှာပါ။ အသက် ၈၀ ထဲ ရောက်ပါပြီ။ ဝါသနာနောက်မှာ စေတနာ၊ ဆန္ဒရှိနေဆဲပါ။ အခြားလူငယ်ကဗျာဆရာ၊ စာရေးဆရာတွေက ပိုပြီးကျိုးကြ ရှန်းကြစေချင်ပါတယ်၊ လူငယ်ခြေတက်ကလေးတွေကို ကြိုဆိုပါတယ်။

**အာကာလင်း**
**ဓာတ်ပုံ-တင်စိုး**

## (၃၁)ကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၃၀

(၃၁)ကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ကွန်ဂရက် (31st Ordinary Congress of the ASEAN Football Federation) (AFF) ကို နိုဝင်ဘာ ၂၉ ရက်က လာအိုနိုင်ငံ ဗီယင်ကျင်းမြို့၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

MFF ကိုယ်စားလှယ်အဖွဲ့တွင် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်တို့ ပါဝင်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအဖွဲ့ဝင် မဲပေးရွေးချယ်ခြင်း၊ ၂၀၂၃ AFF ဘတ်ဂျက်အတည်ပြုခြင်း၊ အာဆီယံဒေသတွင်း ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြိုင်ပွဲများနှင့် အထွေထွေ ဆွေးနွေးမှုများ ပြုလုပ်သည်။ ယခုကျင်းပသည့် AFF Ordinary Congress တွင် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီဝင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ ရွေးချယ်ခန့်အပ်ခံရသည်။ ဦးပြည့်ဖြိုးတေဇသည် ၂၀၂၆ ခုနှစ်အထိ အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီဝင်အဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ဓာတ်ပုံ-MFF**

## ဒဂုံတက္ကသိုလ်၌ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၏ (၃၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်က ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းသန်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းရေးရာဌာန၊ စီမံရေးရာဌာနနှင့် အင်ဂျင်နီယာဌာနတို့က ဌာနမှူးများ၊ သဟာယအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများကို ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေပညာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့်ဘွဲ့လွန်ဒီပလိုမာဘွဲ့များ ပေးအပ်ခဲ့ပြီး ပထမနေ့တွင် တက်ရောက်ဘွဲ့ရရှိသူ ၉၁၀၊ ဒုတိယနေ့တွင် တက်ရောက်ဘွဲ့ရရှိသူ ၉၇၆ ဦး စုစုပေါင်း တက်ရောက်ဘွဲ့ရရှိသူ ၁၈၈၆ ဦးနှင့် အဝေးရောက်ဘွဲ့ရရှိသူ ၅၇၈ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**ဗွဲမင်းထက်(ပြန်/ဆက်)**

## လူငယ်နှင့်နည်းပညာဆိုင်ရာ အသိပညာမျှဝေခြင်းအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)တွင် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းနှင့် ပူးပေါင်း၍ လူငယ်နှင့်နည်းပညာဆိုင်ရာ အသိပညာမျှဝေခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်က အဆိုပါ ဒီဂရီကောလိပ်(ရန်ကုန်)၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းဥက္ကဋ္ဌ ဦးဇော်မင်းဦးကYouth and Technology ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း အတွင်းရေးမှူး ဦးဌေးလင်းက Youth and Information Security ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းမှ အလုပ်အမှုဆောင်များဖြစ်ကြသည့်ဒေါ်ချစ်အိမ်သူနှင့် ဒေါ်ပန်းအိဖြူတို့က Social Media Ethics ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။ **အောင်မြင့်(ပြန်/ဆက်)**

# KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး နှစ်ပါး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကယားပြည်နယ် လွိုင်လင်လေးမြို့နယ် ထီးစဲခါး ကျေးရွာရှိ ထီးစဲခါးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာဝံသ အမှူးပြုသော သံဃာတော်ငါးပါးသည် ယနေ့နံနက် ၈ နာရီ ခန့်တွင် ကျောင်းတိုက်၌ စေတီတော်အသစ်တည်ထားကိုးကွယ်ရန် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူရန်အတွက် မန္တလေးမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် လွိုင်ကော်-ဆီဆိုင်သွားကားလမ်း၊ အောင်ကလပ်ကျေးရွာအနီးသို့ အရောက်၌ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် သံဃာတော်များဖြစ်ကြသည့် ဦးပီညောဘာသ၊ ဦးစန္ဒိမာနှင့် ဦးပဏ္ဍိတတို့တွင် လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဦးစန္ဒိမာသည် ရရှိခဲ့သည့်ဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

ထိုသို့ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်နှင့်တစ်ပြိုင်နက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ အမြန်ဆုံး သွားရောက်ပူးပေါင်းခဲ့ရာ အကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ပစ်ခတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရသည့်ဆရာတော်ဦးစန္ဒိမာ၏ရုပ်ကလာပ်တော်အား လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်၏ ရုပ်ကလာပ်

KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သံဃာတော်များလိုက်ပါလာသည့် မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

တော်အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဖူးမြော်ခဲ့ကြပြီး အန္တိမစျာပနပူဇော ပြုလုပ်ရန်အတွက် တာဝန်ရှိသူများထံ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကြသည့် သံဃာတော်နှစ်ပါးကိုလည်း တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပင့်ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်တာဝန်ရှိသူများက သွားရောက်ဖူးမြော်၍ **(အပေါ်ပုံ)** နဝကမ္မဝတ္ထုငွေ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသည်။ ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများပေါ်၌ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုများနှင့် မသင်္ကာဖွယ်လှုပ်ရှားမှုများ တွေ့ရှိရပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး မကွေးမြို့၌ “ချိုချို”စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ရတနာရပ်ကွက်ရှိ “ချိုချို” စိန်ရွှေရတနာဆိုင်သို့ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ရောက်ကာ သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ဆိုင်အတွင်းရှိ မှန်ကောင်တာအား တူဖြင့် ထုခွဲကာ ဆွဲသီးပါရွှေဆွဲကြိုးကုံး ၂၀၊ ရွှေကလစ် ၁၅ ခု၊ ရွှေအလေးချိန် ၁၃ ကျပ်သားခန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၇၅၄ သိန်းခန့်ကို လုယက်ယူဆောင်သွားခဲ့ပြီး သေနတ်ပစ်ခတ်ခဲ့မှုကြောင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းဦး ၅၉ နှစ်နှင့် ဆိုင်အပြင် လမ်းမပေါ်တွင် ရှိနေသည့် ဦးအောင်မျိုးမြင့်ပိုင် ၂၇ နှစ်တို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် မကွေးမြို့မရဲစခန်း(ပ)၁၂၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့သည်။

အမှုမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်း၊ ပတ်ကင်းများဖြင့် စုံစမ်းရှာဖွေခြင်း၊ မြို့ဝင်၊ မြို့ထွက် စစ်ဆေးရေးဂိတ်များမှ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ “ချိုချို” စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်း ၄၉ နှစ် (ဘ) ဦးမြသောင်း၊ အောင်မြေသိမ်ကုန်းရပ်ကွက်၊ မင်းဘူးမြို့နယ်နေသူအား ယင်းနေ့ည ၇ နာရီခွဲတွင် မကွေးမြို့နယ် ယင်းဆိပ်စစ်ဆေးရေးဂိတ်၌ ၎င်းစီးနင်းလာသည့် NewAnbo 125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ဇော်ထွန်း၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ အောင်မင်းသူ(ခ) မိုးသန်း ၃၄ နှစ် (ဘ)ဦးခင်မောင်ဦး၊ ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့ နှစ်ဦးသည် “ချိုချို”စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်း

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ “ချိုချို” စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ (ဝဲမှယာ) တရားခံ အောင်ဇော်ထွန်းနှင့် တရားခံ အောင်မင်းသူ(ခ)မိုးသန်းတို့အား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

များကို လုယက်ယူဆောင်ခဲ့ပြီး လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများကို ရှားပင်လှကျေးရွာအနီးရှိ လျှိုတစ်ခုအတွင်း၌ ဝှက်ထားခဲ့ကြောင်းသိရှိရသဖြင့် နိုဝင်ဘာ ၂၉ ရက် နံနက် ၄ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ အဆိုပါနေရာတွင် အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ ရွှေဆွဲကြိုး ၁၈ ကုံး၊ ရွှေကလစ်ငါးခုနှင့် အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် GLOCK 19 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၁၁ တောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ အောင်မင်းသူ (ခ) မိုးသန်းအား နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဆံတော်ဘုရားပေါ်ရှိ ကျားပျံမွှာရုံ၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့နှစ်ဦးအား ထပ်မံစစ်ဆေးချက်အရ လုယက်မှုကျူးလွန်စဉ် ပစ်ခတ်သုံးစွဲခဲ့သည့် GLOCK 19 အမျိုးအစား ပစ္စတိုသေနတ်နှင့် ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၁၄ တောင့်ကို တရားခံ အောင်ဇော်ထွန်းမှ လွန်ခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်း ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၂၅ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ “ချိုချို”စိန်ရွှေရတနာဆိုင်အား လုယက်မှုကျူးလွန်ရန် ၎င်းတို့နှစ်ဦးသည် လုယက်မှုမကျူးလွန်မီ နှစ်ရက်ခန့်ကြိုတင်၍ စိန်ရွှေရတနာဆိုင်၏ ရောင်းချနေမှုအခြေအနေနှင့် လူဝင်၊ လူထွက် အခြေအနေများကို စောင့်ကြည့်ခဲ့ကာ လုယက်မှုကျူးလွန်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ) မိုးသန်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏လှုပ်ရှားသွားလာမှုများအား သိရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် တောင်ကြီးအချုပ်ထောင်နှင့် ညောင်ရွှေအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**တောင်ကြီး နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်သည် နိုဝင်ဘာ ၂၉ ရက်က တောင်ကြီး အချုပ်ထောင်နှင့် ညောင်ရွှေအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးအချုပ်ထောင်နှင့် ညောင်ရွှေအကျဉ်းထောင်များသို့ သွားရောက်၍ အချုပ်သား အချုပ်သူများနှင့် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူဦးရေ၊ ၎င်းတို့၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့မှု ရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ ကောင်းမွန်မှု ရှိ၊ မရှိ၊ သန့်ရှင်းသော သောက်ရေ၊ သုံးရေ ရှိမှုအခြေအနေ၊ ဥပဒေပါအခွင့်အရေးအရ အယူခံ၊ ပြင်ဆင်တက်ရောက်မှု အခွင့်အရေးရရှိမှု ရှိ၊ မရှိ၊ ဥပဒေပါ အခွင့်အရေးဖောက်ဖျက်ခံရမှု ရှိ၊ မရှိ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထောင်တာဝန်ခံအရာရှိများအား လုံခြုံရေးစီမံချက်အတိုင်း အထူးအလေးထားဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်

(ပြန်/ဆက်)

# သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ မောင်မယ်သစ်လွင်ကြိုဆို

**ရန်ကုန် နိုဝင်ဘာ ၃၀**

သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က ကျင်းပရာ သူနာပြုတက္ကသိုလ်၊ (ရန်ကုန်) ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာတင်တင်ကျော်က အမှာစကား ပြောကြားပြီး ပါမောက္ခဒေါက်တာဝေဝေဦး၊ ဒုတိယပါမောက္ခချုပ် (သင်ကြား)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် ဌာနမှူးများနှင့် မိတ်ဆက်ပေးပြီး မော်ကွန်းထိန်း၊ ဒေါ်ခင်မြတ်မွန်က စည်းကမ်းချက်များ ဖတ်ကြားသည်။

အဆိုပါ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ပထမနှစ် သူနာပြုသိပ္ပံ (ပုံမှန်) ၁၁/၂၀၂၄ သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ကျောင်းသား ကျောင်းသူ ၂၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

# ရမည်းသင်းမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါနှင့် ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံ

**ရမည်းသင်း နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား အခြေပြု၍ နိုဝင်ဘာ ၂၉ ရက်တွင် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)နှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေး(DT) ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်မြင့်မော် ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အသက်ကိုးနှစ်မှ (၁၀)နှစ်အတွင်း ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး၊ အသက်ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ဝင်းကိုကို

# အင်းစိန်မြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) ၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဆက်သွယ်ရေးဦးစီးဌာန (အင်းစိန်) ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ နှင့် အစိုးရနည်းပညာအထက်

တန်းကျောင်း အင်းစိန်-ရွာမတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်က အင်းစိန် အထက(၆) ပညာတံခွန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်-၂ ဦးဘိုကြည်က လူငယ်စကားဝိုင်းကို ကျင်းပရခြင်းအား ပြောကြားပြီး လူငယ်စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က မေးမြန်းဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် ယဉ်ကျေးမှု စသည့် အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း

# လပွတ္တာ၌ ဆုံဆို့-မေးခိုင်ရောဂါနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**လပွတ္တာ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၉ ရက်က အထက (၃)၌ ထိုးနှံပေးသည်။

အဆိုပါ ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မူမူ

# တွံတေးမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးခြင်းဆောင်ရွက်

**တွံတေး နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပဒါန်ရေကျော်ကျေးရွာအုပ်စုရှိ တောင်သူ ဦးမင်းဟန်၏ လယ်မြေတွင် စပါးရက် (၉၀) ညော့်မထ (အထွက်ကောင်း) တိုက်ရိုက် မျိုးစေ့ချကိရိယာဖြင့် နိုဝင်ဘာ ၂၉ ရက်က နွေစပါး စံကွက် စိုက်ပျိုးခြင်းအခမ်းအနားကို ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဦးက တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကျေးရွာများမှ တောင်သူများက တောင်သူဦးမင်းဟန်၏လယ်မြေ၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တွံတေးသား

# မော်လမြိုင်ကျွန်းမြို့နယ်၌ ဆောင်းသီးနှံနေကြာနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များပေးအပ်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၃၀**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းနေကြာ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်က ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိတို့က ဆောင်းနေကြာ ဧက ၃၁၀ အတွက် တစ်ဧကလျှင် လေးပြည်နှုန်းနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ဧက ၂၂၁၀ တစ်ဧကနှစ်ပြည်နှုန်းဖြင့် တောင်သူ ၂၅၀ ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တောင်ငူမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**တောင်ငူ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဥပဒေပညာ သင်ကြားနိုင်ရေးအတွက် Grade-11 နှင့် Grade-12 ဆရာ ဆရာမများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်က အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနသည် အခြေခံပညာကျောင်းများတွင် ဥပဒေပညာ သင်ကြားနိုင်ရေးအတွက် Grade-11 နှင့် Grade-12 အဆင့် ကျောင်းသားကျောင်းသူများနှင့် သင့်လျော်မည့် သင်တန်းညွှန်းတမ်းကို ရေးသားပြုစုပြီး ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းကာ ယခုလို ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း Training of Trainer (TOT) ကို ဖွင့်လှစ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသကာ သင်တန်းအား ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ သင်ကြား ပို့ချသွားမည်ဖြစ်ပြီး တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၁၆၃ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

ခရိုင်(ပြန်/ဆက်)

# ပဲခူးခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုပေး

**ပဲခူး နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်က ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြုပေးအပ်**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးစောညီညီထွေးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဝေါမြို့နယ်မှ မိုးစပါးစိုက်ပျိုး ထုတ်လုပ်မှု ထူးချွန်တောင်သူ၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ၊ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ၊ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ၊ ပဲခူးမြို့နယ်မှ နွေစပါးစိုက်ပျိုး ထုတ်လုပ်မှု ထူးချွန်တောင်သူ၊ ကဝမြို့နယ်မှ မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ စုစုပေါင်းခြောက်ဦးတို့အား ခေတ္တဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းနှင့် ယူရီးယားဓာတ်မြေဩဇာ(50 KG) တစ်အိတ်စီတို့ကို ဂုဏ်ပြုပေးအပ်သည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ခုနှစ် သီးနှံအထွက်နှုန်း အမြင့်မားဆုံး ရရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၏ ကိုယ်စား တောင်သူတစ်ဦးက အထွက်နှုန်းအမြင့်ဆုံးရရှိအောင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ ကတိုက်ရေလှောင်တမံဆည်ရေသောက်စနစ် နွေစပါးစိုက်ပျိုးရေပေးဝေရေး တွေ့ဆုံဆွေးနွေး

**ပေါင် နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကတိုက်ရေလှောင်တမံ ဆည်ရေသောက်စနစ် ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါး စိုက်ပျိုးရေပေးဝေရေး ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်က မြဘကျေးရွာ ကွင်းအမှတ်(၇၇၀) တောင်သူ အသိပညာပေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကား ပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အောင်ဗိုလ်က ဆည်ရေ ညီညွတ်မျှတစွာရရှိရေး စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။ ကတိုက် ရေလှောင်တမံတွင် ရေသိုလှောင် ပမာဏ ဧကပေ ၅၇၂၃၀ သိုလှောင် ထားပြီး နွေစပါးရေယာ ဧက ၁၆၅၀၀ ကို ဒီဇင်ဘာ ၁ ရက်မှ စတင်၍ စိုက်ပျိုးရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆) သထုံမြို့က စီမံဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သည် ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနမှ သင့်(၄)သင့် ဆောင်ရွက် ထားရှိမှုနှင့် သဲဖြူကုန်းကျေးရွာရှိ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက် စိုက်ခင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

# မြောင်းမြမြို့၌ ဆုံဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**မြောင်းမြ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများ၌ ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်း ကင်ဆာ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၈ ရက်က ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးများ ထိုးနှံပေးမှုကို မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုကို၊ မြောင်းမြမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်မင်းသိုက်နှင့် တာဝန်ရှိသူ များက ကြည့်ရှုအားပေးခဲ့ပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေသည့် အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ် မကျော်သေးသည့် ကျောင်းသား ကျောင်းသူများအား ဆုံဆို့-မေးခိုင်ကာကွယ်ဆေး (DT) ကာကွယ်ဆေး ထိုးနှံခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇေယျာ (မြောင်းမြ)**

# လှည်းကူးမြို့နယ် အထက(မြို့မ)၌ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်း ကျောင်း(မြို့မ)၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက်က လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ပညာရတနာခန်းမ၌ ကျင်းပ သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အမှာ စကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးယုလွင်က ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်တင်က ကျေးဇူးတင် စကား ပြောကြားခဲ့သည်။ ထို့နောက် မီးသတ်ဦးစီးမှူးနှင့် သန္နေတပ်ဖွဲ့ ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနည်းစနစ်၊ ဂက်(စ်)မီးလောင်မှု ငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှု ငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု ငြိမ်းသတ်ခြင်းများကို ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဇနဖြူမြို့နယ်၌ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများဆောင်ရွက်

**ဇနဖြူ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇနဖြူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းတွင် ၂၀၂၄ ခုနှစ် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင် ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၈ ရက်က ဆောင်ရွက်သည်။

အဆိုပါ ကျောင်းအခြေပြု (DT) ဆုံဆို့ - မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး(HPV) ထိုးနှံပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုး သမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက် ပေးခဲ့သည်။ ကာကွယ်ဆေးထိုးနှံပေးခြင်းကို တစ်မြို့နယ်လုံးရှိ ကျောင်း များအား နိုဝင်ဘာ ၂၇ ရက်မှစတင်ပြီး သားအိမ်ခေါင်းကင်ဆာကာကွယ် ဆေး (HPV) ၁၃၈၁ ဦး၊ ဆုံဆို့မေးခိုင်ကာကွယ်ဆေး(DT) ၃၇၁၀ ထိုးနှံ ပေးလျက်ရှိကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ရတနာဘူမိအရှေ့ရပ်ကွက်၊ ရတနာကောသ ဘုရားဝင်းအတွင်းရှိ မန်းသီရိနိဗ္ဗာရုံ၌ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၆ ပါးနှင့် ဒေသခံပြည်သူ ၁၅၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပေါင်းတည်၌ တောင်သူများအား ကောက်စိုက်စက်အစေ့ချကိရိယာများ ပေးအပ်

**ပေါင်းတည် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပန်းတိုင်အထွက်နှုန်းနှင့် သီးထပ်သီးနှံ စိုက်စွမ်းအား တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် တောင်သူများအား ကောက်စိုက်စက်၊ DrumSeeder ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က မြို့နယ်အတွင်း သီးထပ်သီးနှံစိုက်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးကို တာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရေး၊ အကျိုးဖြစ်ထွန်း အောင်မြင်မှုနှင့်အတူ နိုင်ငံ့စီးပွား မြှင့်တင်နိုင်စေရေးအတွက် ဖွဲ့လုံ့လဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်သူများနှင့် သီးထပ်စွမ်းအား သီးနှံစိုက်စွမ်းအား ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် စိုက်နည်းစနစ်မှန်ကန်စွာဖြင့် သီးနှံများ ပိုမိုအထွက်ကောင်းအောင် စနစ်တကျ စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် လက်ဆွဲ ကောက်စိုက်စက်များနှင့် အစေ့ချကိရိယာ Drum Seeder များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများက တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရွှေသား (ပြန်/ဆက်)**

## ကလောမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကလော နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းကို ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကလောတပ်နယ်စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်နိုင်၊ ခရိုင်ကျန်းမာရေး ဦးစီးဌာန ဆေးရုံအုပ်ကြီးဦးလှထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသိန်းတို့မှဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းကို ကလောမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ချုံ၊ နွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ် (ပြန်/ဆက်)**

## လင်းခေးမြို့မဈေး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**လင်းခေး နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ လင်းခေးမြို့ စည်ပင်သာယာ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါလေ့ကျင့်မှု၌ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတို့က မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဦးစွာ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံကို ဇာတ်တိုက်လေ့ကျင့်ပြသပေးကာ ဈေးသူဈေးသားများက လက်တွေ့ပြုလုပ်ခဲ့ကြသည်။ **(အောက်ပုံ)**

ယင်းသို့ ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဈေးသူဈေးသားများ၊ ခရိုင်/ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ တက်ရောက်ကြောင်း သိရသည်။ **စိုင်းဇော်လတ် (လင်းခေး)**

## မော်လမြိုင်မြို့နယ်၌ ရေကြီးနစ်မြုပ် ပျက်စီးခြင်းအတွက် လျော်ကြေးငွေပေးအပ်

**မော်လမြိုင် နိုဝင်ဘာ ၃၀**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်နေသည့် ရာသီဥတုအညွှန်းကိန်းသီးနှံအာမခံလုပ်ငန်း၏ ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် တောင်သူများအား လျော်ကြေးငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၉ ရက်က မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်တာဝန်ခံတို့က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ငွေထုတ်ယူပြီး မြန်မာ့အာမခံလုပ်ငန်းတွင် သီးနှံအာမခံထားရှိခဲ့သောကြောင့် မော်လမြိုင်မြို့နယ် ကော့နပ်ကျေးရွာမှ တောင်သူငါးဦးအတွက် ပျက်စီးဧက ၂၀ လျော်ကြေးငွေကျပ် ၆၀၀၀၀၀၊ လှိုင်ရပ်ကွက်မှ တောင်သူတစ်ဦးအတွက် ပျက်စီးဧက သုံးဧက လျော်ကြေးငွေကျပ် ၉၀၀၀၀၊ ကော့လှာကျေးရွာမှ တောင်သူ ၂၅ ဦး အတွက် ပျက်စီးဧက ၁၇၃ ဧက လျော်ကြေးငွေကျပ် ၅၁၉၀၀၀၀၊ ကတိုးကျေးရွာမှ တောင်သူ ကိုးဦးအတွက် ပျက်စီးဧက ၅၃ ဧက လျော်ကြေးငွေကျပ် ၁၅၉၀၀၀၀ တို့ကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “minmyat 612” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မဟာအောင်မြေရပ်ကွက်နေ မင်းမြတ်စိုးကို မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Nay Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဘုရားကုန်းကျေးရွာနေ နေဝင်းလှိုင်(ခ)နေဝင်းကို ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ရန်ကုန်တွင်အခြေချနေထိုင်ပြီး လူလည်းနေစီးပွားရေးလုပ်ရန်အဆင်ပြေသော သုဝဏ္ဏ VIP–2 လမ်းမတန်းလမ်းကျယ်၊ မျက်နှာစာ(70') x ရှေ့နောက်(90')၊ (45' x 50') 2RC တိုက်(1)လုံး၊ (12' x 25')နှစ်ထပ်တိုက်(1)လုံး၊ ဂရန်မြေ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊

**ကျပ်သိန်း (40,000)**

၂။ အရှေ့ဒဂုံ၊ စပ်စံထွန်းလမ်းမ၊ မြေအကျယ် (20' x 60')၊ မြေပို(60')ပါ၊ မြေပေါ်အကျယ် (20' x 120')၊ အိမ်(1)လုံးပါ၊ ဂရန်မြေ၊ လူနေပြီး စီးပွားရေးလုပ်ရန်နေရာကောင်း။

**ကျပ်သိန်း (3,500)**

၃။ ဆယ်အိမ်တန်းကမ်းခြေရှိ ဘန်ဂလို(15)လုံး၊ စားသောက်ခန်းမ(1)ခု၊ ဝန်ထမ်းလိုင်းခန်းပါ ညော့်ရိပ်သာ၊ ရင်းနှီးမြှုပ်နှံထားပြီး အရန်သင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် မြေဧရိယာ(2)ဧကခန့် ကျယ်သောညော့်ရိပ်သာ။

**ကျပ်သိန်း (15,000)**

၄။ သန်လျင်မြို့၊ ထမလုံ၊ မြယာရိုး၊ ဥယျာဉ်ခြံမြေ၊ မြေဧရိယာ(1.27ဧက)၊ ဘုန်းကြီးကျောင်း၊ ရိပ်သာလှူဒါန်းလိုသူများနှင့် အေးအေးချမ်းချမ်းနေလိုသူများအတွက် အချက်အချာကျနေရာကောင်း၊ သီလဝါဥယျာဉ်အိမ်ရာကပ်လျက်၊ သီးနေသော စိန်တလုံးသရက်ပင် ရာကျော်ပါသော ခြံကြီး။

**ကျပ်သိန်း (8,000)**

၅။ သာခုကန်၊ အမှတ်(၄)လမ်းမကြီးအနီး၊ သာခုကန်ဘုရားဘေး၊ မြေပိုင်မြေ၊ ပြည်နယ်နှင့် တိုင်းများမှ ရန်ကုန်တွင် အဖွဲ့လိုက်အခြေချ နေလိုသူများအတွက် ဧကကွက်ကြီး၊ 1Sqft ကို ငွေကျပ် 45,000/–ဈေးဖြင့် ရမည့်ခြံကြီး၊ ပုဂ္ဂလိက ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံဖွင့်ရန် နေရာကောင်း၊ အိမ်ရာကွက်ဖော်လိုသူများ၊ အပန်းဖြေစခန်း လုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း။ မြေဧက(15)ဧကကျော်။

**ကျပ်သိန်း (300,000)**

**ဖုန်း – 09–5178979, 09 –451146685, 09–251790828, 09–755170655**


### တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်လေးပင်မြို့၊ မူလွန်မယ်ဇလီပင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်း ၁၂/အစန(နိုင်)၀၇၁၉၅၈ ၏ ဖခင် ဦးပါနှင့် ဦးမောင်ပါ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### OWIC ကတ် ပျောက်ဆုံး

ရန်ကုန်မြို့၊ အခန်း ၃၀၇၊ တိုက်–၈၊ (၁၁)လမ်း၊ လှိုင်မြို့နယ်နေ မောင်နိုင်ထက်လင်း ၁၂/လမန(နိုင်)၁၆၃၅၆၆၏ OWIC ကတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၃၁၃၀၁၁၂**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၉–၁၁–၂၀၂၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ တရားလွှတ်တော်ရှေ့နေ ဦးဇော်အောင်လွင်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ကန့်ကွက်မည့်သူရှိပါက စာသားအား **ကန့်ကွက်မည့်သူမရှိပါက** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မိတ္ထီလာမြို့၊ စက်မှုဇုန်(၁)လမ်းနေ ဒေါ်တင်မာမြင့် (ဘ)ဦးစိုးမြင့်၊ (၉/မထလ(နိုင်)၂၅၁၀၀၁)သည် အောက် တွင် ဖော်ပြထားသော အမှတ်တံဆိပ်ဖြစ်သည့် **"ထူးရှယ်မုန့်မျိုးစုံ"** ကုန်အမှတ်တံဆိပ်ကို စာချုပ်အမှတ် (၀၁၆/၂၀၂၂)ဖြင့် မိတ္ထီလာမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။

အထက်ပါ မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်ဖြင့် ဒေါ်တင်မာမြင့်သည် မုန့်အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝှမ်း၌ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် အဆိုပါ အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဗီနိုင်း၊ ကြော်ငြာ၊ ဘောက်ချာစာရွက်၊ တံဆိပ်တုံးအစရှိသည်တို့ကိုလည်း ရိုက်နှိပ်ပြုလုပ်သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်း၊ တုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးပြုခြင်းမျိုးမပြုလုပ်၊ မဆောင်ရွက်ကြပါရန်နှင့် မှိုငြမ်းတုပသုံးစွဲပြီး ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်သုံးစွဲကြောင်းတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခိုင်ထူး(LL.B) အထက်တန်းရှေ့နေ(စဉ်–၄၄၇၇၀)**
**အမှတ် (၂၃၂)၊ ကံ့ကော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉၄၄၄၇၇၈၀၆၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ တိုက်အမှတ်(၁၆၅)၊ စတုတ္ထထပ်၊ (၅)လွှာ၊ (ခြေရင်းခန်း) (၁၃x၄၀)ပေအကျယ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ခင်မေလွင် (၁၂/မရက(နိုင်) ၁၃၁၂၇၁) မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးဇော်ဝင်းမြင့် (၁၄/ဒဒရ(နိုင်)၁၃၃၂၈၂) ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်သက်မွန် တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၅/၂၀၁၅)**
**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉ – ၇၉၅၁၃၄၇၅၃၊ ၀၉ – ၇၅၀၃၉၈၄၀၆**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်းဥပဒေ ၂၂)**
**ကမာရွတ်ခရိုင်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂၀နှင့်ဆက်နွယ်သည့်**
**၂၀၂၄ ခုနှစ် ၊ တရားမဇာရီမှုအမှတ် - ၁၀၂**

| | | | |
|---|---|---|---|
| ရိုးမဘဏ်လီမိတက် (၎င်းကိုယ်စား လက်ထောက်မန်နေဂျာ ဦးကျော်ကျော်ခိုင်) | နှင့် | ၁။ PinecrestCo,Ltd(GTF)<br>၂။ ဦးတင့်လွင် | အတူနေ မိသားစု |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** | |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်အလယ်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားရှေ့ ၊ ရွှေဂုံတိုင်လမ်း ၊ အခန်း(B)၊ (၇)လွှာ၊အမှတ်–၂၉၄/၃ နေ ၁–တရားရှုံး Pinecrest Co,Ltd(GTF)၊ ၂–တရားရှုံး – ဦးတင့်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင်၊ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ် ဟ–၉၊ ဦးပိုင်အမှတ် ၉၇၊ ၆၄x၆၅ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သီတာလွင် ၉/မရမ(နိုင်)၀၀၉၉၄၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၂၁၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သူဇာအောင် ၁၃/နမတ(နိုင်)၀၄၆၈၅၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ခဓ–၇၊ ဦးပိုင်အမှတ် ၂၅၊ ၆၂x၆၃ကြား၊ ၁၃၀ x၁၃၁လမ်းကြားရှိ ဦးအေးမောင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးဇင်မြင့်အောင်က တရားပြိုင် ဦးအေးမောင်အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၆၅/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဇင်မြင့်အောင် ၉/ခအဇ (နိုင်)၀၀၃၇၀၃ ကတောဂရန်၊ တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တာမွေအရှေ့ပိုင်း သာသနာ့ယုဝဓမ္မာရုံ အမှုဆောင်အဖွဲ့၏ (၂၁-၁၁-၂၀၂၄)ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန် ကြေညာခြင်းအား ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ်(၂၀)ရှိ မြေနေရာမှာ တာမွေအရှေ့ပိုင်းလူငယ်များ စာဖတ်အသင်းအမည်ပေါက် နှစ်(၆၀) ဂရန်မြေဖြစ်ပါသည်။ အဆိုပါမြေပေါ်ရှိ အဆောက်အအုံတွင် ဒေါ်ရင်ရင်လှက အိမ်ရှင်၊ အိမ်ငှားစာချုပ်ဖြင့် လခပေးပြီး ငှားရမ်းနေထိုင်သူ ဖြစ်ပါသည်။ လွန်ခဲ့သော ၂၀၀၉ ခုနှစ်က သာသနာ့ယုဝအသင်းဓမ္မာရုံအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကိုလေး)က တရားလိုပြုလုပ်ပြီး တာမွေမြို့နယ်တရားရုံးတွင် ဒေါ်ရင်ရင်လှအပေါ် အခန်းအမှတ်(၂)မှ ဖယ်ရှားထွက်ခွာပေးပြီး အခန်း လက်ရောက်ရလိုမှု စွဲဆိုခဲ့ပါသည်။

